ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃ရက် ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၅)ရက် ၊ တနလာနေ့ ၊ (14-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၅)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တွင် ကျင်းပပြုလုပ်သော အစားအစာနှင့် ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်း ပါဝင်ပြသ

နေပြည်တော် ဇူလိုင် ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တွင် အစားအစာနှင့် ခရီးသွားပြပွဲကို "In Siberia–THERE is!" ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်းကို ပါဝင်ပြသခဲ့သည်။

အဆိုပါပြပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသရှိ စက်မှု၊ ကုန်သွယ်ရေးနှင့် စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဆိုက်ဗေးရီးယားရှိစားသောက်ဆိုင်နှင့်ဟိုတယ်လုပ်ငန်းရှင်များ ဖက်ဒရေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲကာလအတွင်း ကုန်စည်ပြပွဲများ၊ ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အစားအစာအချက်အပြုတ်ပြိုင်ပွဲများ၊ ဝိုင်နှင့် ချိစ်ပြိုင်ပွဲများပါဝင်၍ ယဉ်ကျေးမှုအကများ၊ တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ပြပွဲသို့ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ချိစ်နှင့် ဝိုင်အပါအဝင် ကုန်ထုတ်လုပ်ငန်းရှင်များ ပါဝင်ခဲ့ကြပြီး ကမ္ဘာ့ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

စာမျက်နှာ- ၁၆

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

စာမျက်နှာ- ၁၆

ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပြီး သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ❑

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဲ့ယူသုံးသွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အပြီးမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချိန် - အမှတ်(၅၁)ဗိုလ်ရာဘွဲ့နှင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၄ ရက်
အယ်ဒီတာ့အာဘော်

လူစွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး

ယနေ့ဖွံ့ဖြိုးတိုးတက်လျက်ရှိသော၊ ဖွံ့ဖြိုးပြီးသောနိုင်ငံများသည် လူစွမ်းအားအရင်းအမြစ်များ တိုးပွားရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ အရင်းအမြစ်များအနက် လူစွမ်းအားအရင်းအမြစ်သည် ရေရှည်သုံးနိုင်စွမ်းရှိသော အရင်းအမြစ်ဖြစ်သည်။ ထိုလူစွမ်းအားအရင်းအမြစ်များကို လူငယ်များက ရရှိနိုင်ပေသည်။ ထို့ကြောင့် လူစွမ်းအားအရင်းအမြစ်များလေလွင့်ဆုံးမှုမဖြစ်စေရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပေသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့်စကားအတိုင်း နောင်တစ်ချိန်တွင် အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ကို လက်ဆင့်ကမ်းထမ်းရွက်မည့် လူကြီးများသည် ယနေ့လူငယ်များပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကိုတန်ဖိုးရှိသော လူတော်လူကောင်းများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ကဏ္ဍတိုင်းတွင် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်များကို သူ့နေရာနှင့်သူအံဝင်ခွင်ကျ အကျိုးပြုနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့် ၂၀၂၁ခုနှစ် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများအပေါ်သက်ရောက်မှုများရှိသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ လျော့ကျလာပြီး လူငယ်အများအပြားသည်လည်း ပြည်ပထွက်ခွာမှုများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရပေသည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် သက်ကြီးရွယ်အိုလူဦးရေများပြားလာမှုနှင့်အတူ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားပြီးလုပ်သားကဏ္ဍလိုအပ်ချက်များ များပြားလာခြင်းကြောင့် လုပ်သားအင်အားရွှေ့ပြောင်းမှုများရှိနေကြသည်။ မြန်မာနိုင်ငံတွင်လည်း လူဦးရေလျော့နည်းလာသည့်အပြင် လူစွမ်းအားအရင်းအမြစ်များလေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးအတွက် ရွှေ့ပြောင်းနေထိုင်လာမှုများကို သတိထားကိုင်တွယ် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

လူဦးရေပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ အနာဂတ်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်ဖြ၅နှစ်နှင့်အထက်သက်ကြီးရွယ်အိုသည် ကလေးဦးရေထက်ပိုမိုများပြားလာတော့မည်ဖြစ်သည်။ ထိုအချိန်တွင် တစ်သက်တာပညာသင်ယူမှုနှင့် ပြန်လည်လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ အသက်အရွယ်ပေါင်းစုံ အလုပ်လုပ်ကိုင်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရန် ဖန်တီးပေးရန်လိုအပ်လာမည့် အခြေအနေဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် အသက်အရွယ်ကြီးရင့်လာသော်လည်း အလုပ်လုပ်ချင်စိတ်ရှိနေသူများကို ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိသင့်ပေသည်။

သို့ဖြစ်ရာ အခြေခံပညာကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ စသည့်ပညာသင်ရာဌာနအသီးသီးတွင် ပညာသင်ယူလျက်ရှိသော လူငယ်များသာမက လုပ်ငန်းခွင်အတွင်းရှိကြသော ကာယ၊ ဉာဏ လူငယ်လုပ်သားများသည် ဗဟုသုတတိုးတက်ပြည့်စုံ၍ မိမိကိုယ်မိမိယုံကြည်ကိုးစားနိုင်သော မိမိ၏ပတ်ဝန်းကျင်ကောင်းကျိုး၊ နိုင်ငံတော်ကောင်းကျိုးတို့တွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ထမ်းရွက်နိုင်သော လူစွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လက်တွဲညီညာစွာပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့်ဒေသထွက်မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ကျုံပျော်မြို့နယ် ပဲစေ့းကွက်တွင် ဇူလိုင်လ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့် မြေပဲဆန်များကို ဒေသ စေ့းကွက်အပြင် ရန်ကုန်စေ့းကွက်နှင့် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၂၂၀၀၀ ထိ စေ့းပေါက်နေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန် အရောင်း အဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက် ပိုကောင်းလာဖို့သာရှိပါတယ်။ အခုနှစ် မြေပဲဆန်တွေ အဝယ် လိုက်နေတဲ့အတွက် တောင်သူတွေ အဓိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်''ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ကျုံပျော်မြို့နယ်က စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူပြီး မြေပဲဆီ၊ မြေပဲဆန် စသည့်ပုံစံအမျိုးမျိုးထုတ်လုပ်ကာဝယ်ယူသည့် ဒေသများသို့ စနစ်တကျထုပ်ပိုးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

မန္တလေးလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

မန္တလေး ဇူလိုင် ၁၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေး ဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင် ပြည်သူများမှ အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် အလှူရှင်များဖြစ်သည့် ရန်ကုန်မြို့ ပါကစ္စတန်သံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr.Imran Haider နှင့်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သံအမတ်ကြီးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ လှူဒါန်းရသည့်ရည်ရွယ်ချက်များကို လည်းကောင်း အပြန်အလှန်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်မြို့ ပါကစ္စတန်သံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr.Imran Haider နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စားနပ်ရိက္ခာများ ဖြစ်သည့် ဆန် ကီလိုဂရမ် ၁၀၀၀၀ နှင့် အသင့်စားခေါက်ဆွဲ ထုပ်ရေ ၁၀၀၀၀ တို့ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ဝန်းသိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကောလင်း ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၀၉၈၉ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို မေလတတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝန်းသိုမြို့နယ်မှာ စပါး ဧက ၃၈၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် စပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀ဖ)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅စ၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ကျုံပျော်မြို့နယ် ကပ်ဖိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ကျုံပျော် ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကပ်ဖိုကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျုံပျော်မြို့နယ်အတွင်းရှိ ဝက်ချောင်းကျေးရွာအုပ်စု ကပ်ဖိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကပ်ဖိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကျုံပျော်မြို့နယ် ကပ်ဖိုကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆောင်ရွက်ရာတွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ခန့်ရှိ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် ယခုနှစ် ဧပြီလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကပ်ဖိုကျေးရွာရှိ အိမ်ခြေ ၁၅၀ အိမ်မှ လူဦးရေ ၅၉၆ ဦးနှင့် ကျွဲ၊နွားတိရစ္ဆာန်များအတွက် လာမည့်နွေရာသီကာလ သောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုပြည့်

ပျော်ဘွယ်မြို့နယ် ခင်ကြီးယကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခင်ကြီးယကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၃၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခင်ကြီးယကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦး၊ အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၄၀ အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

မင်းကင်း ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက်နည်းပညာသင်တန်းပေးပြီး စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ငဖဲ ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာများက ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် လမ်းမြေနေရာရှင်းလင်းခြင်း၊ လမ်းဘေး ဝါယာရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများနှင့် အောက်ခံမြေသိပ်သည်းရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးအလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ငလှိုင်တောကျေးရွာ၌ အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၅၄၅ သန်းဖြင့် တင်ဒါအောင်မြင်ရရှိသည့် ကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ် ဇွန် ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇင်မာ

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တီလားဗီယားငါးပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တီလားဗီယားငါးပိသာချိန် ၆၆၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက တီလားဗီယားငါးပိသာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း တီလားဗီယားငါးပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီယားငါးတစ်ပိသာလျှင် ငွေကျပ် ၁၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ တီလားဗီးယားငါးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း အရင်လကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇွန်လထဲမှာလဲ တီလားဗီးယားငါးပိသာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ ဒီဘက်ကထွက်တဲ့ တီလားဗီးယားငါးတွေကို လူကြိုက်များတဲ့အတွက် အရောင်းအဝယ်ကောင်းလာပါတယ်။ အဆိုပါငါးတွေ အရောင်းအဝယ်ကောင်းလာတော့ ငါးလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် တီလားဗီးယားငါးများအပါအဝင် အခြားရေထွက်ကုန်ပစ္စည်းများကို ပွဲရုံပိုင်ရှင်များက စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်များကို အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ကျွန်တော့်ဆရာများ

ချစ်နိုင်(စိတ်ပညာ)

နိဒါန်း

စာရေးသူသည် စာအကြောင်းပေအကြောင်း ရေးသားတင်ပြသည့်အခါ မိမိအကြောင်းကို ထည့်သွင်းဖော်ပြလိုခြင်းမရှိပေ။ သို့ရာတွင် အကြောင်းအားလျော်စွာ ဖတ်ချင်စဖွယ်ဖြစ်အောင် စာဖတ်သူစိတ်ဝင်စားအောင် တင်ပြရ၊ ရေးဖွဲ့ရသောအခါမျိုး၌ ခွေးကလေးများအကြောင်းပြောရင်း၊ ကြောင်ကလေးများအကြောင်းရေးရင်း ကိုယ့်အကြောင်းလည်း တစ်စိတ်တစ်ဒေသပါသွားမိလေသည်။ စာဖတ်ပရိသတ်နှင့် တွေ့ဆုံ၍ စကားစမြည်ပြောကြသောအခါ သူတို့က တစ်စွန်းတစ်စမျှသာဖော်ပြခဲ့သော သေးသေးမွှားမွှား အချက်ကလေးများကပင် သူတို့စိတ်ဝယ်မှတ်မိနေအောင်စွဲနေခဲ့ကြောင်း ပြန်လည်သိရှိရပေသည်။ စာကိုအစီရင်ခံစာ၊ ညွှန်ကြားစာလိုမျိုးမရေးသားဘဲ ခံစားချက်လှုံ့ဆော်မှုလေးတော့ ဆွဲဆောင်မှုရအောင် စာရေးသူတို့က အားထုတ်ရန်တာဝန်ရှိသည်ဟု ယူဆပါ၏။

စာရေးသူသည် နှစ်ပေါင်းများစွာစစ်မှုထမ်းခဲ့ဖူးသူဖြစ်သော်လည်း တပ်မတော်သားဘဝအတွေ့အကြုံများကို ကြီးကြီးမားမားထုးထုးခြားခြားလည်း ဂုဏ်ယူလောက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ဖူးသည့် အလျောက် စာရေးသက် နှစ်ကာလ လေးဆယ်ကျော်ခဲ့သော်လည်း စစ်မြေပြင်အတွေ့အကြုံများကို မရေးသားပေ။ ကြွားလောက်စရာမရှိသည့်နည်းတူ သင်ခန်းစာယူလောက်အောင် လွဲမှားညံ့ဖျင်းသောလုပ်ဆောင်ချက်မျိုးလည်း ပြောပလောက်အောင်မဖြစ်ခဲ့ဖူးချေ။ စစ်ရေးစစ်ရာဘက်တွင် သာမန်မျှသာ ရှိလေသည်။

လေ့ကျင့်ရေး

စစ်သည်ဘဝတွင် စစ်ရေးအောင်မြင်မှုသည် အဓိကကျ၏။ စစ်ရေးအောင်မြင်ခြင်းသည် စည်းရုံးရေးကောင်းခြင်းနှင့် ဆက်စပ်၏။ စည်းရုံးရေးကောင်းမွန်ခြင်းသည် အုပ်ချုပ်ထောက်ပံ့မှုကောင်းခဲ့ခြင်းကြောင့် ဆိုနိုင်၏။ အုပ်ချုပ်မှု၊ ထောက်ပံ့မှု၊ အပြန်အလှန်အကူအညီပေးနိုင်မှု၊ ဆက်သွယ်ရေးကောင်းမှု ပေါင်းစပ်ညှိနှိုင်းရာတွင် တိကျသေချာမှု၊ အစစအရာရာကွင်းဆက်အဆင့်ဆင့်သည် ပင်မမူလ လေ့ကျင့်ရေးကောင်းမွန်ခဲ့ခြင်း အရင်းအမြစ်ပေါ်တွင် မူတည်ပေသည်။

လေ့ကျင့်ရေးကို ဦးစားပေးသော တပ်ရင်းမှူး၊ တပ်မမှူးများသည် မျက်စိအောက်မှာပင် ထိရောက်အောင်မြင်သော တိုက်စစ်၊ ထိုးစစ်များကို ဆင်နွှဲနိုင်ကြ၏။ မိမိဘက်မှ အထိအခိုက်အကျအဆုံးအနည်းဆုံးနှင့် ရန်သူ့ဘက်က အံ့အားသင့်ထိတ်လန့်တုန်လှုပ်ကြောက်လန့်သွားအောင် အစွမ်းပြနိုင်ခဲ့ကြ၏။ လေ့ကျင့်ရေးဆိုသည်မှာ တစ်ဦးချင်းက မိမိကိုယ်တိုင် စိတ်ရောကိုယ်ပါ အပင်ပန်းခံလေ့ကျင့်ကြရသည်။ ချွေးထွက်များမှ သွေးထွက်နည်းမည်ဟု နားလည်ကြ၏။ တပ်စိပ်တိုက်စစ်၊ တပ်စုတိုက်စစ်၊ တပ်ခွဲတိုက်စစ်တို့ကို ကျေကျေညက်ညက်ပိုင်ပိုင်နိုင်နိုင် အသားကျအောင် လေ့ကျင့်ပေးကြ၏။ စစ်သားဘဝ မိခင်တပ်ရင်းသို့ စတင်သတင်းပို့သည့်အချိန်မှ အခြားအခြေစိုက်တပ်တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းရသောအချိန်အတွင်း မိမိတပ်ရင်းသည် လုံခြုံရေးခံစစ်၊ နယ်မြေစိုးမိုးရေးတိုက်စစ်များဖြင့် အဆက်မပြတ် လှုပ်ရှားကာ ရန်သူနှင့် ခုနစ်နှစ်ကြာ စစ်ကစားခဲ့ရပါ၏။ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများသည် ကားလမ်း၊ ရထားလမ်းမပေါက်သော တောင်ပေါ်ဒေသ၊ တောတွင်းနယ်မြေ၊ ရာသီဥတုပြင်းထန်သော အရပ်တွင်သာ ခက်ခက်ခဲခဲပင်ပင်ပန်းပန်း ရှင်သန်ဖြတ်သန်းရသဖြင့် အချင်းချင်းရဲဘော်ရဲဘက်စိတ်၊ အပြန်အလှန် ချစ်ခင်စည်းလုံးစိတ်ရှိကြလေသည်။

"ခေါင်းဆောင်က နောက်ဆုံးမှစားရသည်"ဟူသော ဗြိတိသျှတပ်မတော်က လေ့ကျင့်ထားသောအလေ့အကျင့်ဖြင့် အရာရှိများ၊ ဆရာကြီးများက အနစ်နာခံတတ်ကြသည်။ ကိုယ်ကျိုးစွန့်လွှတ်လေ့ရှိသည်။ ထို့ကြောင့် ရဲဘော်များကလည်း အထက်အကြီးအကဲအတွက် အသက်စွန့်ကာ နာခံလိုက်နာသည်။ ခြေလျင်တပ်တွင် ဒုတိယဗိုလ်မှ ဗိုလ်ကြီးအဆင့်အထိ ခုနစ်နှစ်တာသည် ဆင်းဆင်းရဲရဲ၊ ကြမ်းကြမ်းတမ်းတမ်းဘဝမှာပင် တိုင်းစစ်ဌာနချုပ်၏ ဘက်စုံစံပြတပ်ရင်းသုံးနှစ်ဆက်တိုက်ရရှိအောင် စစ်မြေပြင်တိုက်စွမ်းရည်တိုက်ပွဲရလဒ်ကောင်းမွန်ခဲ့ပါ၏။ မိမိကျေးဇူးရှင်ဆရာသမားများဖြစ်ကြပါသည်။ တွဲဖက်တာဝန်ယူကြသည့် ကြည်းတပ်မတော်မှသာမကရေတပ်၊ လေတပ်မှ ဗိုလ်မှူးများနှင့်လည်းအတူလက်တွဲလျက် ကိုယ့်အမြင်၊ သူ့အမြင်လူကဲခတ်၊ စစ်ဆေးအမှတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ရပါ၏။

ခြေမြန်တပ်ရင်းမှာ ငါးနှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ရပြန်ပါသေးသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းနယ်မြေများ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကာလဆီမှ မိမိတို့စစ်ရေးတာဝန်များ အကြောင်းရေးရာတွင် "တောင်တောရယ်သာ" ဟုတေးချင်းဆိုလေသူအား "ဟေ့ မြောက်တောက မသာလို့လား "ဟု ခပ်ထန်ထန်မေးလာတတ်သူများ ရှိတတ်သောကြောင့် တပ်မတပ်ရင်းမှာ ခြေမြန်စစ်ဆင်ရေးလှုပ်ရှားမှုများကို မဖော်ပြလိုတော့ပါ။ ၁၉၆၅-၁၉၇၀ ဆီက ဆရာသိန်းဖေမြင့် ရေးသည့် "အရှေ့မြောက်တိုင်းတစ်ခွင်" သည် လွမ်းမောစရာပါတည်း။ ရှိပါစေတော့။

အတက်သုံးခု

ခြေမြန်တပ်ရင်းမှာ တာဝန်ထမ်းဆောင်စဉ်က အတက်သုံးခုဖြတ်သန်းရသည်။ ပထမ တိုက်ခိုက်ရေးသင်တန်းကျောင်းမှာ တပ်ရင်းမှူးသင်တန်းတက်ရသည်။ ဗိုလ်မှူးဌေးဦး၊ ဗိုလ်မှူးသိုက်ထွန်း၊ ဗိုလ်မှူးငွေထွန်း စသော ဗဟက(၄၃) ယေသူငယ်ချင်းခုနစ်ယောက်အတူဆုံရသည်။ နောက်အတက်တစ်ခုကတော့ ဆေးရုံ ၁၅ ရက်လောက်တက်ရခြင်းပါ။ ပြင်ဦးလွင်စစ်ဆေးရုံမှာ အူအတက်ရောင်ခွဲစိတ်ရခြင်း။

ခြေမြန်တပ်ရင်းမှာ နောက်ထပ်တက်ရပြန်ခြင်းကား စစ်ဦးစီးတက္ကသိုလ်တက်ရန်ရွေးချယ်ခံရခြင်းဖြစ်၏။ မိမိထက်လုပ်သက်ဝါရင့်သော ဗဟက (၃၆)၊ စတာ(၉) စသောတပ်ရင်းမှူးများအနက် အသက်အငယ်ဆုံးသင်တန်းသားဖြစ်၏။ ခွဲမှူး၊ ရင်းမှူး သင်တန်းရမှတ်များနှင့် ခြေလျင်၊ ခြေမြန်တပ်ရင်း မိမိလုပ်ဆောင်ချက်မှတ်တမ်းများကြည့်၍ ကက(ကြည်း)၊ ကက(ကျင့်)တို့က ရွေးချယ်လိုက်ခြင်းပင်။ တိုတိုပြောပါစို့။ စစ်ဦးစီးတက္ကသိုလ်မှာလည်း စာမေးပွဲနှင့် သုတေသနစာတမ်း၊ တိုက်ပွဲသုံးသပ်ချက်စာတမ်း၊ ကွပ်ကဲမှုလေ့လာချက်(Command Study) ကျမ်းများပြုစုရာတွင် အကြီးအကဲများက အားရသဖြင့် နိုင်ငံခြားသို့ပညာတော်သင်တစ်နှစ်ရွေးချယ်စေလွှတ်ခြင်းကို ခံရပြန်ပါသည်။ အဖော်မပါ။ တစ်ယောက်တည်းသာ။ လွန်ခဲ့သော နှစ် ၃၆ က တပ်မတော်မှ ပြည်ပပညာသင်စေလွှတ်ခြင်းသည် မရှိသလောက် ရှားပါးပါသည်။ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနတွင် ဒေါက်တာကျော်စိန်နှင့် ဒေါက်တာညီဝင်းမှန်၊ ဒုတိယဗိုလ်မှူးကြီးမျိုးသိန်း(စိတ်ရောဂါအထူးကုပါရဂူ)စသူတို့က တစ်နှစ်ခွဲကြာသင်တန်းဘာသာရပ် သင်ခန်းစာများကို အင်္ဂလိပ်လိုသာ သင်ကြားသဖြင့် မိမိတို့မှာ အထူးအားထည့်၍ နေ့စဉ်၊ ညစဉ်အိမ်စာအဖြစ် ည ၁ နာရီ ၂ နာရီအထိ ကျောင်းသားလေးလို အင်္ဂလိပ်စာအုပ်ထူထူတွေ ကျက်ခဲ့မှတ်ခဲ့ဖတ်ခဲ့ရခြင်း အကျိုးပေတည်း။

အပင်ပန်းခံ၍

ကက(ကျင့်)က လူတွေ့၊ စာတွေ့၊ ရေးဖြေ၊ နှုတ်ဖြေ လူ ၂၀ ထဲမှာ မိမိတစ်ယောက်ကိုသာ ရွေးချယ်စေလွှတ်ခြင်းပါ။ စာများများဖတ်ခြင်းနှင့် အင်္ဂလိပ်စာကြိုးစားခဲ့ခြင်း၏ ထိရောက်သောအကျိုးပေးမှုဖြစ်ပါ၏။ မလေးရှားတပ်မတော်ဦးစီးတက္ကသိုလ်သင်တန်းတွင် အမှတ်စဉ်(၁၄) ၁၉၉၂ ခုနှစ် တက်ရောက်ခဲ့ရာ ကောင်းစွာအောင်မြင်ခဲ့ပါသည်။ မိမိကိုယ်ကို ထူးချွန်အဆင့်အလွန်တော်သူဟု ဘဝင်မမြင့်သော်လည်း သာမန်တော့မဟုတ်ခဲ့ပေ။ သာမန်အထက် ဉာဏ်ရည်၊ သာမန်အထက် ကြိုးစားမှုနှင့် သာမန်အထက် လုပ်ရည်ကိုင်ရည်ရှိသူအဖြစ် ခံယူပါ၏။ ဤသို့ မိမိကိုယ်ကို တန်ဖိုးထားလေးစားသဖြင့် ကျရာတာဝန်ကို အကောင်းဆုံး ကျေပွန်စွာထမ်းဆောင်ပါသည်။ သို့တစေ လိုပေသေးသည်။ စာရေးသူက သင်တန်းများစွာ ပါဝင်ပို့ချခဲ့ရဖူး၏။

တပ်တွင်းသင်တန်းများသာမက ပြန်ကြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်ရသောအခါ အမျိုးသားစာပေဆုရ စာရေးသူလည်းဖြစ်နေပြီမို့ သတင်းစာသင်တန်း၊ စာရေးနည်းသင်တန်း၊ တည်းဖြတ်နည်းသင်တန်း စသော အခြားဌာနများကပါ စေခိုင်းလာကြလေ၏။

သင်လေတတ်လေ

စာရေးသူက သူတစ်ပါးကို သင်ကြားပြသလေလေ မိမိကိုယ်တိုင်သင်ခန်းစာများ၊ ဘာသာရပ်များကို ပိုပြီး ကျေညက်ပိုင်ဆိုင်လေလေဟု သဘောထား၏။ ကိုယ်တွေ့အရလည်း အရည်အသွေးတိုးတက်လာမှုကို သိမြင်ရ၏။

မြန်မာနိုင်ငံစာရေးဆရာအသင်းက အခြေခံစာရေးနည်းသင်တန်းကို တစ်နှစ်တစ်ခါဖွင့်လှစ်သင်တန်းပေးခဲ့ပါ၏။ သင်တန်းအမှတ်စဉ် (၁)မှ (၁၀) ထိ သင်တန်း ၁၀ ကြိမ်စလုံး ဆောင်းပါးရေးနည်းကို လေးချိန်ဟောပြော၍ ရှစ်ချိန်စာလောက် လက်တွေ့လေ့ကျင့်ခန်းအိမ်စာပေးခဲ့ပါ၏။ ရေးမှသိ၏။ ရေးမှတတ်၏။ ကိုယ်တိုင်ရေးမှ အတွေးနှင့်ဦးနှောက်နှင့် လက်နှင့်(နာမ်နှင့်ရုပ်)ဆက်စပ်လှုပ်ရှားရာတွင် နရီစည်းဝါးအံကျစေလာ၏။ သဘောတရားနာယူမှတ်သားပြီးလျှင် ပြီးပြီဟုသာ ထင်တတ်ကြပါ၏။ လက်တွေ့ကိုယ်တိုင်လေ့ကျင့်မှု အကြိမ်များလေလေ စစ်ပညာဖြစ်စေ၊ စာပေရေးသားခြင်းဖြစ်စေ၊ အရေအတွက်မှ အရည်အချင်းဖြစ်တည်လာပေသည်။ သေနတ်ပစ်လေ့ကျင့်မှု(ကျည်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ)များများလေ့ကျင့်နေသာ စစ်သားသည် လက်ဖြောင့်လာပေသည်။

စေတနာဆရာ

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက စာပေရေးသားပြုစုနည်းနှင့်ထုတ်လုပ်နည်း ဒီပလိုမာ(တစ်နှစ်သင်တန်း) အမှတ်စဉ်(၁)မှ(၆) ထိ ဆရာကြီးဒေါက်တာ ဦးခင်အေးက ဖိတ်ခေါ်သဖြင့် နှစ်စဉ်ပါဝင်ပို့ချခဲ့ပါသည်။ မိမိသင်ကြားပေးခဲ့သော ထိုသင်တန်းသား ၃၀၀-၄၀၀ အနက်မှစာပေနယ်တွင် ၃၀-၄၀ လောက် လုပ်ဆောင်လှုပ်ရှားနေကြပေပြီ။

စာမျက်နှာ ၅ သို့ ➤

❖ စစ်ဆေးရေးစိတ်ပညာ(Psychological Testing) ဘာသာရပ်ကို ရန်ကုန်တက္ကသိုလ် ဆရာကြီး ပါမောက္ခ ဒေါက်တာကျော်စိန်၊ တံတားကလေးစိတ္တဇဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ထူးဘု၊ မဂ်လာဒုံစစ်ဆေးရုံမှ စိတ်ရောဂါကုဌာန ဒေါက်တာစိန်မြင့် စသည်တို့ထံ တစ်နှစ်ခွဲကြာတပည့်ခံ၍ သီးသန့်သင်တန်းတက်ခဲ့ရပါသေး၏။ ထိုအချိန်က တပ်မတော်ဗိုလ်ရွေးအဖွဲ့ တပ်မှူးတာဝန်ထမ်းဆောင်သွားကြသော ဗိုလ်မှူးကြီးသူရကျော်စွာ၊ ဗိုလ်မှူးကြီးမင်းဒင်၊ ဗိုလ်မှူးကြီးနေမျိုးတို့သည် တာဝန်ဝတ္တရားကိုစံပြုအတုယူလောက်အောင် စိတ်ကောင်း၊ စေတနာကောင်းရှိသော ကျေးဇူးရှင်ဆရာသမားများဖြစ်ကြပါသည်။ ❖

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၁၇၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၁၇၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ဝါသီးနှံ ၁၇၈၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၇၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဝါသီးနှံ ဧက ၁၇၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၇၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေကိုတောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ဝါသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခွဲခန့်ရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိမြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်တိုးတက်အောင်ဆောင်ရွက်နိုင်ပါက ဒေသတွင်း သုံးစွဲမှုဖုန်းလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

အမှန်တရား

- ခါးတယ်လို့ ဆိုပါတယ်
  ကြိုက်သူရယ် နည်းပါး၊
  ခါတလေ လူတချို့
  ပျို့တက်လို့သွား။။

- အမှန်သည် ခါးနေလား
  စဉ်းစားလို့ အဖြေရှာ
  နေ့ညခါခါ၊
  နက်နဲသည့် ထိုပုစ္ဆာ
  ဘဝမှာ အရေးကြီး၊
  အမှားကိုပြင် အမှန်သိရ
  တိကျတဲ့နည်း။။

- လျှောက်လှမ်းရာ ဘဝခရီး
  ရှေ့ဆက်ပြီး အမှန်ကိုမြင်၊
  ရှင်သန်ချိန် လူ့ဘဝ
  တစ်ခဏတွင်၊
  အစွန်းတရား ရှောင်ဖယ်ကြဉ်
  ထပ်မှားလျှင် ပြုပြင်ပေး၊
  ဤပုစ္ဆာ ပဟေဠိကို
  အဖြေညှိစို့လေး။။ ။

မောင်လူစိုး

➢ **စာမျက်နှာ ၄ မှအဆက်**

ပြန်ကြားရေးကသင်တန်းများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းကသင်တန်းများ၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနစာပေရေးသားပြုစုနည်းဒီပလိုမာသင်တန်းများတွင် မိမိမသင်ပြခဲ့ရသော အဆီအနှစ်တချို့ကို ယခုအချိန်ထိ အဆက်မပြတ် စာဖတ်လေ့လာမှတ်သားနေဆဲ မိမိအနေနှင့်မျှဝေလိုစိတ်ထက်သန်နေပေသည်။

ဤဆောင်းပါးကို ဖတ်ဖြစ်မိသူသည် ကံကောင်းသည်လားတော့မသိ၊ စာရေးသူအနှစ်နှစ်အလလ ရှာဖွေစုဆောင်းမှ ပို၍ပို၍ အဆက်အစပ်နှင့် သိမြင်လာသော ဆရာ့ဆရာကြီးများ၏အဆိုအမိန့်ကို မူရင်းအတိုင်း ကူးယူတင်ပြပါရစေ။ စာပေအလင်းထွင်းဖောက်သိမြင်သဘောပေါက်ခြင်းသို့ ရောက်စေလောက်အောင် ထိရောက်ပါသည်။ အမှန်စင်စစ် အဖိုးတန်ကျောက်သံပတ္တမြားတွေပါ။

စာပေ

၁။ "စာဆိုတာ စိတ်ကိုရေးခြင်းဖြစ်တယ်"

ပီမိုးနင်း (၁၈၈၃-၁၉၄၀)

၂။ "စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးရတယ်။"

ဇော်ဂျီ(၁၉၀၇-၁၉၉၀)

၃။"စာပေမှာ လုပ်စရာ သုံးဆင့်ရှိတယ်။ စုပါ။ တုပါ။ ပြုစုပါ"။

မင်းသုဝဏ်(၁၉၀၉-၂၀၀၄)

၄။"စာဆိုတာ စာဖတ်သူကို ဖတ်ချင်စဖွယ်ကောင်းအောင် စာကို ဆက်ဖတ်ချင်အောင် ရေးတတ်ဖို့လိုတယ်"။

သော်တာဆွေ(၁၉၁၉-၁၉၉၈)

စာပေတာဝန်

"ငါ့ စာဖတ်၍၊ မမြတ်တိုင်စေ၊ မရှုံးစေသား
ပျင်းပြေနှစ်ခြိုက်၊ တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန် ငါ့ဝတ်ပွန်ပြီ
ငါမွန်အမြတ် ငါအတတ်ဟု စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာမလုပ်ပါတည်း"။

တက္ကသိုလ်ဘုန်းနိုင်(၁၉၃၀-၂၀၀၂)

နိဂုံး

ဆရာကြီးငါးဦးစလုံး မရှိကြတော့ပါ။ မိမိ တက္ကသိုလ်ကျောင်းသားဘဝ မန္တလေးတက္ကသိုလ်မှာ ဆရာကြီးဇော်ဂျီ(ဦးသိန်းဟန်)၊ တောင်ကြီးကောလိပ်သူအိမ်မှာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်(ဦးခင်မောင်တင့်)၊ ရန်ကုန်သောင်းပြောင်းထွေလာနှင့် ရှုမဝတိုက်တို့မှာ ဆရာကြီးသော်တာဆွေ(ဦးကြင်မောင်) နှင့် လူချင်းအရှင်လတ်လတ် တွေ့ဆုံခဲ့ရဖူးပါ၏။ ယနေ့အထိ သတိရမိတိုင်း ကျေနပ်ကြည်နူးမဆုံးပါ။ အသိအမြင်တိုး၍ အကျိုးရှိစွာ ပြည်မြန်မာအတွက် စာပေဘက်ဝယ်၊ ထမ်းရွက်အောင်မြင်ကြပါစေ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

နိုင်ငံတကာ သတင်းများ

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် မြောက်ကိုရီးယားခေါင်းဆောင်နှင့်တွေ့ဆုံ

မော်စကို ဇူလိုင် ၁၃

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ဇူလိုင် ၁၂ ရက်တွင် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် မြောက်ကိုရီးယား ခေါင်းဆောင် တို့သည်မြောက်ကိုရီးယားအလယ်ပိုင်း ကမ်ရိုးတန်းမြို့ ဝန်ဆန်၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးမှာ တိုက်ပွဲဝင်ညီနောင်ဆက်ဆံရေးဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

အလားတူ ရုရှားနိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးခဲ့သည့် အတွက် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်ကို ရုရှား နိုင်ငံခြားရေးဝန်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယား နိုင်ငံတို့သည် နှစ်နိုင်ငံမဟာဗျူဟာ မြောက်ဘက်စုံဆက်ဆံရေးသဘောတူညီချက်ရယူထားသောနိုင်ငံများ ဖြစ်သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံဆွေးနွေးပွဲများ တက်ရောက်ခဲ့ပြီးနောက် ဇူလိုင် ၁၁ ရက်တွင် မြောက်ကိုရီးယားနိုင်ငံ ဝန်ဆန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ယူကရိန်းအနောက်ပိုင်း ပစ်မှတ်များကို မောင်းသူမဲ့လေယာဉ် ၅၀၀ ကျော်ဖြင့် ရုရှားတိုက်ခိုက်

မော်စကို ဇူလိုင် ၁၃

ရုရှားတပ်များသည် ယူကရိန်းနိုင်ငံ အနောက်ပိုင်းဒေသများရှိ ပစ်မှတ်များကို မောင်းသူမဲ့လေယာဉ် ၅၀၀ကျော် သုံးစွဲ၍ ဇူလိုင် ၁၂ ရက်တွင် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ဇူလိုင် ၁၂ ရက်တွင် မောင်းသူမဲ့လေယာဉ်များ အပြင် ဒုံးကျည်အများအပြားကို လည်း သုံးစွဲတိုက်ခိုက်ခဲ့သည်။

ဇူလိုင် ၁၂ ရက် လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားနိုင်ငံသည် မောင်းသူမဲ့လေယာဉ် ၅၉၇ စင်းနှင့် ဒုံးကျည် ၂၆ စင်းအသုံးပြုခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားထားသည်။

ရုရှား၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ယူကရိန်းအနောက်ပိုင်း ခါကစ်ဗ်မြို့၊ဆူမီမြို့၊ ယူကရိန်းအရှေ့မြောက်ပိုင်း လာဗစ်မြို့နှင့် လပ်ခ်မြို့တို့၌ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ယင်းအပြင် လူပေါင်း အနည်းဆုံး နှစ်ဦးသေဆုံး၍ ၂၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဇူလိုင် ၁၂ ရက် လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားမောင်းသူမဲ့လေယာဉ် အများအပြားကို ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ်များက ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

မက္ကဆီကိုနှင့် ဥရောပသမဂ္ဂသွင်းကုန်များအပေါ် အခွန်စည်းကြပ်မည့်အစီအစဉ် သမ္မတဒေါနယ်ထရမ့် ကြေညာ

ဝါရှင်တန် ဇူလိုင် ၁၃

ဥရောပသမဂ္ဂနှင့် မက္ကဆီကို နိုင်ငံတို့မှ သွင်းကုန်များကို လာမည့်သြဂုတ် ၁ ရက်မှစ၍ ၃၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ဇူလိုင် ၁၂ ရက်တွင် ကြေညာလိုက်သည်။

ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရယူရေး ဆွေးနွေးပွဲများပျက်ပြားခဲ့ရပြီးနောက် ဥရောပသမဂ္ဂနှင့် မက္ကဆီကိုသွင်းကုန်များအား အခွန်စည်းကြပ်မည့်အစီအစဉ်ကို အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ကြေညာခဲ့ခြင်း ဖြစ်သည်။

မက္ကဆီကိုနှင့် ဥရောပသမဂ္ဂ တို့၏သွင်းကုန်များအပေါ် ၃၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မည့် အစီအစဉ်နှင့် ပတ်သက်၍ အကြောင်းကြားစာများကို ဥရောပ ကော်မရှင်ဥက္ကဋ္ဌ အာဆူလာမွန် ဒါလီယန်နှင့် မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်းဘောင်း တို့ထံ ပေးပို့ထားကြောင်း အမေရိကန် သမ္မတဒေါနယ်ထရမ့်က ၎င်း၏ လူမှုမီဒီယာ စာမျက်နှာပေါ်၌ ရေးသားထားသည်။

မက္ကဆီကိုနှင့် ဥရောပသမဂ္ဂ တို့သည် အမေရိကန်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်များထဲတွင် ပါဝင်သောနိုင်ငံဖြစ်သည်။

သမ္မတ ဒေါနယ်ထရမ့်၏ သွင်းကုန်ခွန် စည်းကြပ်မှုနှုန်းကို မျှတမှုမရှိကြောင်း မက္ကဆီကိုနှင့် ဥရောပသမဂ္ဂတို့က ဝေဖန်ထားသော်လည်း သြဂုတ် ၁ ရက်မတိုင်မီ ထိအမေရိကန်အစိုးရနှင့်ဆက်လက် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

သြစတြေးလျှဝန်ကြီးချုပ် အယ်လ်ဘာနီစီ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ရောက်ရှိ

ဆစ်ဒနီ ဇူလိုင် ၁၃

သြစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် တရုတ်နိုင်ငံ ခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ပြီး ရှန်ဟိုင်းမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သြစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် ယနေ့တွင် ရှန်ဟိုင်းကွန်မြူနစ်ပါတီ အကြီးအကဲချန်ကျန်းနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း တရုတ်အစိုးရ သတင်းမီဒီယာများ၌ သတင်း ထုတ်ပြန်ထားသည်။

ရက်သတ္တပတ် ကြာမြင့်မည့် တရုတ်ခရီးစဉ်အတွင်း သြစတြေး လျှဝန်ကြီးချုပ် အယ်လ်ဘာနီစီ သည် တရုတ်သမ္မတရှီကျင့်ဖျင်၊ အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌကျောက်လီကျိတို့နှင့် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်သည်။

ဝန်ကြီးချုပ် အယ်လ်ဘာနီစီ ၏ တရုတ်ခရီးစဉ်တွင်သြစတြေးလျ စီးပွားရေးလုပ်ငန်းရှင်အများအပြား လည်း လိုက်ပါသွားသည်။

အဆိုပါခရီးစဉ်သည် သြစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီအတွက် ၂၀၂၂ ခုနှစ်နောက်ပိုင်း ဒုတိယမြောက် တရုတ်ခရီးစဉ် ဖြစ်သည်။

သြစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် ယခုခရီးစဉ် အတွင်း တရုတ်နှင့် သြစတြေးလျ နှစ်နိုင်ငံကုန်သွယ်မှု ဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

ဂျာမနီနိုင်ငံ နော့ချ်ဝန်စတိန်းရဲတိုက်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုသတ်မှတ်

ပဲရစ် ဇူလိုင် ၁၃

ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်ရှိ ကမ္ဘာကျော် နော့ချ်ဝန်စတိန်းရဲတိုက်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ရန် ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ဇူလိုင် ၁၂ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပသည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ ၄၇ ကြိမ်မြောက် အစည်းအဝေးတွင် နော့ချ်ဝန်စတိန်းရဲတိုက်ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

နော့ချ်ဝန်စတိန်းရဲတိုက်သည် ဘာဗေးရီးယားဘုရင် လူးဝစ်-၂ လက်ထက် ၁၈၆၉ ခုနှစ်တွင်စတင် တည်ဆောက်ခဲ့သည်။

သို့ရာတွင် လူးဝစ်-၂ ဘုရင် နတ်ရွာစံခဲ့သည့် ၁၈۹၆ ခုနှစ်တွင် နော့ချ်ဝန်စတိန်း ရဲတိုက် ဆောက်လုပ်ရေးလုပ်ငန်းရပ်တန့်ခဲ့ရသည်။

လက်ရှိအချိန်တွင် နော့ချ်ဝန်စတိန်းရဲတိုက်သည် ဂျာမနီနိုင်ငံ၌ ခရီးသည် အလာအများဆုံး နေရာတစ်ခုဖြစ်ပြီး တစ်နှစ်လျှင် လူပေါင်း ၁ ဒသမ ၄ ဝန်းကျင် လာရောက်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

လန်းစပေ့စ်ကုမ္ပဏီက ကျူကေး-၃ ဒုံးပျံကို ပထမဆုံးအကြိမ်လွှတ်တင်ရန် ပြင်ဆင်နေ

ပေကျင်း ဇူလိုင် ၁၃

တရုတ်နိုင်ငံ အခြေစိုက် ပုဂ္ဂလိက အာကာသကုမ္ပဏီ တစ်ခုဖြစ်သော လန်းစပေ့စ် ကုမ္ပဏီသည် ကျူကေး-၃ အမည်ရှိ ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

လန်းစပေ့စ်ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံကို ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ကျူကေး-၃ ဒုံးပျံသည် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့် ပထမအဆင့် ပင်မဒုံးယာဉ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ဒုံးပျံဖြစ်သည်။

လန်းစပေ့စ်ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်အတွင်း ကျူကေး-၃ ဒုံးပျံ ပစ်လွှတ်မှုနှင့် မြေပြင်ပြန်လည်ဆင်းသက်မှုများကို အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လန်းစပေ့စ် ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံ၏ ဒုံးအင်ဂျင်များကိုလည်း အောင်မြင်စွာစမ်းသပ်ခဲ့ပြီးဖြစ်သည်။

ကျူကေး-၃ ဒုံးပျံသည်အလေးချိန် ကီလိုဂရမ် ၁၈၃၀၀ ရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

HEALTH

ကော်ဖီတစ်ခွက် နေ့စဉ်သောက်သုံးပါက ဝမ်းချုပ်မှုပြဿနာကို လျှော့ချနိုင်

လန်ဒန် ဇူလိုင် ၁၃

ကော်ဖီတစ်ခွက် နေ့စဉ်ပုံမှန်သောက်သုံးပါက ဝမ်းချုပ်မှုပြဿနာကို လျှော့ချနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၁၂၀၀၀ ကျော်တို့၏ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေး အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည့် လေ့လာချက် ရလဒ်များအရ နေ့စဉ် ကဖိန်းဓာတ် ၁၀၀ မီလီဂရမ်မျှ သောက်သုံးခြင်းဖြင့် ဝမ်းချုပ်နိုင်ခြေကို ၂၀ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် တစ်ရက်လျှင်ကဖိန်းဓာတ် ၂၀၄ မီလီဂရမ် သို့မဟုတ် ကော်ဖီနှစ်ခွက် သောက်သုံးသူများတွင်မူ ဝမ်းချုပ်နိုင်ခြေမြင့်တက်လာတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကဖိန်းဓာတ် ၁၀၀ မီလီဂရမ် ထက်ကျော်၍ ကော်ဖီတစ်ခွက် ထပ်မံသောက်သုံးတိုင်း ဝမ်းချုပ်နိုင်ခြေလည်း ခြောက်ရာခိုင်နှုန်းမြင့်တက် လာတတ်ကြောင်း၊ သို့ရာတွင် အသက် ၆၀ အထက် ရှိသူများတွင်မူ ကော်ဖီကို များများသောက်သုံးပါက ဝမ်းချုပ်နိုင်ခြေကိုလည်း ပိုမိုလျှော့ချနိုင်သည်ကိုတွေ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

Space-X ကုမ္ပဏီက Commercial GTO 1 မစ်ရှင်ဖြင့် အစ္စရေးဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် ဇူလိုင် ၁၃

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Commercial GTO 1 အမည်ရှိ မစ်ရှင်ဖြင့် အစ္စရေးဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Dror-1 အမည်ရှိ အစ္စရေးဆက်သွယ်ရေးဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံသည် အထက်ပါ အစ္စရေးဆက်သွယ်ရေးဂြိုဟ်တုကို ကမ္ဘာမြေပြင် အထက် အမြင့်မိုင် ၂၂၀၀၀ ကျော် အကွာရှိ ပတ်လမ်းပေါ် တက်ရောက်နိုင်မည့် ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Dror-1 ဆက်သွယ်ရေးဂြိုဟ်တုသည် အစ္စရေးလေကြောင်းစက်မှုလုပ်ငန်းကုမ္ပဏီ (IAI) က တည်ဆောက်ထားခြင်းဖြစ်သည်။

Dror-1 ဂြိုဟ်တုသည် အစ္စရေးတစ်နိုင်ငံလုံးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ၁၅ နှစ်ကြာ တာဝန်ယူပေးနိုင်ကြောင်း IAI ကုမ္ပဏီက ပြောကြားထားသည်။

Dror-1 ဂြိုဟ်တုမစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၈၅ ခုမြောက် အာကာသမစ်ရှင်ဖြစ်ပြီး ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ၅၀၃ ကြိမ်မြောက် မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

အပင်ထွက်ဓာတ်စာများစားသုံးမှုက အူမကြီးရောင်ရမ်းမှုရောဂါများကို တားဆီးနိုင်

ပေကျင်း ဇူလိုင် ၁၃

ကျန်းမာရေးနှင့်ညီညွတ်သော အပင်ထွက်ဓာတ်စာများစားသုံးမှုသည် အူမကြီးရောင်ရမ်းမှု ရောဂါများကို ကာကွယ်တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ကျိုကျန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကျန်းမာရေးနှင့် ညီညွတ်သည့် အပင်ထွက် အစားအစာများကို စားသုံးသူများ၌ Crohn's Disease နှင့် Ulcesative Colitis ရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၄ ရာခိုင်နှုန်း ပိုနည်းပါးသည်။

သို့ရာတွင် တိရစ္ဆာန်အဆီဓာတ်နှင့် ဟင်းသီးဟင်းရွက်ဆီ ပါဝင်မှုနှုန်းမြင့်မားသော အစားအစာများကို စားသုံးသူများတွင်မူ Crohn's Disease ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၁၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

အပင်ထွက်အစားအစာများ၏ ရောင်ရမ်းမှုတိုက်ဖျက်ရေး ဂုဏ်သတ္တိများသည် အူမကြီးရောင်ရမ်းမှုရောဂါများကို တားဆီးရာတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေကြောင်း တရုတ်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ဖြစ်ရာ အူမကြီးရောင်ရမ်းမှုရောဂါများကို ကာကွယ်ရေးအတွက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့ အပင်ထွက်အစားအစာများကို စားသုံးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၁၄၃၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်မှုများပြုလုပ်နေ

ပေကျင်း ဇူလိုင် ၁၃

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

ဇူလိုင် ၁၂ ရက်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်ကို ဝန်ချန်အာကာသစခန်း ပစ်စင်ရှိရာသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်ကို လောင်းမတ်ချ-၇ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ် လွှတ်တင်မည့်နေ့ရက်ကို ကြေညာခြင်းမရှိသေးပေ။

တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်ကို မကြာမီကာလ အတွင်း သင့်လျော်သည့်အချိန်တွင် လွှတ်တင်မည်ဖြစ်သည်ဟု တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်ကျွမ်းကျင်သူများက တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်နှင့် လောင်းမတ်ချ-၇ ဒုံးပျံတို့ကို မလွှတ်တင်မီ အကြိုစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်ဆွတ်ခူး

လန်ဒန် ဇူလိုင် ၁၃

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန်တင်းနစ်မယ် အန်နီစီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၀၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်လုပွဲစဉ်ဖြစ်ပြီး အကြိတ်အနယ်ရှိမည့်ပွဲစဉ်အဖြစ် ထင်ကြေးပေးခံထားရသော်လည်း ပွဲကစားချိန်မှာ ၅၄ မိနစ်သာ ကြာမြင့်ခဲ့ပြီး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ရလဒ်အပြတ်သားဆုံးသော ဗိုလ်လုပွဲစဉ်ဖြစ်ခဲ့သည်။

စဝီယာတက်ခ် အတွက် ၂၀၂၅ ခုနှစ်အတွင်း ဆုဖလားမိုးခေါင်နေမှုကိုလည်း ရပ်တန့်နိုင်ခဲ့ပြီး ပထမဆုံး ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည့် ဆုဖလားမှာ တင်းနစ်လောကမှ၏ အရှိန်အဝါအရှိဆုံး ဆုဖလားဖြစ်ခဲ့သည်။

အန်နီစီမိုဗာအနေဖြင့် ဗိုလ်လုပွဲ အဆင့်ထိ အကောင်းဆုံးပုံစံဖြင့် တက်ရောက်လာနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့် (၁)တင်းနစ်မယ် ဆာဘာလင်ကာအား အနိုင်ရခဲ့ပြီးနောက် ချန်ပီယံဆုအားဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း အန်နီစီမိုဗာသည် ပွဲပန်းမှုဒဏ်ကြောင့် စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့ခြင်းမရှိဘဲ ပွဲငယ်တစ်ပွဲမျှပင် အနိုင်မရခဲ့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

စဝီယာတက်ခ်က "အောင်မြင်မှုပြန်လည်ရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မဖြစ်ချင်တာတွေဖြစ်လာခဲ့ပြီ။ ဒါပေမဲ့ လွယ်လွယ်ကူကူတော့မဟုတ်ခဲ့ပါဘူး။ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန် အကောင်းဆုံး ကျော်ဖြတ်နိုင်ဖို့ အတွက် အရမ်းကိုပင်ပန်းခဲ့တယ်။ တစ်ခုကောင်းတာကတော့ အတွေ့အကြုံကောင်းတွေသင်ခန်းစာတွေ ရလိုက်ပါတယ်။ ဒီသင်ခန်းစာတွေက အနာဂတ်အတွက် အကျိုးရှိလာမဲ့ သင်ခန်းစာတွေပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စတီဗင်ဆင် ကာကွယ်နိုင်ခဲ့

နယူးယောက် ဇူလိုင် ၁၃

WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား စတီဗင်ဆင်နှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမား ဇီပီဒါတို့ ဇူလိုင် ၁၂ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ စတီဗင်ဆင်က ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်အနေဖြင့် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ဇီပီဒါအတွက် လက်ဝှေ့သမား ဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဇီပီဒါသည် အစောပိုင်းအချိန်များတွင် စတီဗင်ဆင်အား ဖိအားပေးထိုးသတ်ရန် ကြိုးစားခဲ့သော်လည်း စတီဗင်ဆင်၏ တုံ့ပြန်မှုကမာကျောသည့်အတွက် ဖိအားပေးနိုင်ခြင်းမရှိတော့ဘဲစတီဗင်ဆင်က နောက်ပိုင်းအချိန်များတွင် အားပါပြင်းထန်သော ထိုးချက်များဖြင့် ဖိအားပေးနိုင်ခဲ့သည်။

ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ရမှတ်များမှာ ပြတ်သားခဲ့ပြီး စတီဗင်ဆင်က လက်ရှိချန်ပီယံဆုအား ထိုက်ထိုက်တန်တန်ဖြင့် ကာကွယ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

စတီဗင်ဆင်က "အစောပိုင်းအချိန်တွေမှာ သူကကျွန်တော့်ကို ဖိအားပေးဖို့ ကြိုးစားခဲ့တယ်။ တစ်ချီထက်တစ်ချီပိုပြီး ဖိအားပေးထိုးသတ်ဖို့အတွက် ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တုံ့ပြန်မှုကြောင့် သူဖိအားဆက်မပေးနိုင်တော့ဘူး။ နောက်ပိုင်းမှာတော့ ကျွန်တော်ကပဲ ဖိအားပေးထိုးသတ်နိုင်ခဲ့ပါတယ်။ အခုလို ရှုံးပွဲမရှိသေးသည့် ပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ရပြီး ကျွန်တော့်ရဲ့ခါးပတ်ကို ဆက်လက်ထိန်းသိမ်းခွင့်ရခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

စတီဗင်ဆင်နှင့် ဇီပီဒါတို့ပွဲစဉ်တွင် အမှတ်ပေးဒိုင်များအဖြစ် တာဝန်ယူခဲ့သည့် အမှတ်ပေးဒိုင်သုံးဦးအနက် တစ်ဦးက (၁၁၉-၁၀၉) မှတ်ဖြင့်လည်းကောင်း၊ ကျန်အမှတ်ပေးဒိုင်နှစ်ဦးက (၁၁၈-၁၁၀) ရမှတ်ဖြင့်လည်းကောင်း စတီဗင်ဆင်အား အနိုင်ပေးခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL

အမျိုးသမီးယူရိုပြိုင်ပွဲတွင် ဆွီဒင်အသင်းကို ဂိုးပြတ်ရှုံးခဲ့သည့် ဂျာမနီအသင်း ၁၉၉၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရ

ဘာလင် ဇူလိုင် ၁၃

အမျိုးသမီး ယူရို ၂၀၂၅ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဆွီဒင်အမျိုးသမီးအသင်းနှင့် ဂျာမနီအမျိုးသမီးအသင်းတို့ကစားခဲ့ရာ ဆွီဒင်အသင်းက လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်နိုင်ပွဲ ရခဲ့သောကြောင့် ဂျာမနီ အမျိုးသမီးအသင်းသည် ၁၉၉၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ဂျာမနီအသင်းသည် အမျိုးသမီးယူရိုပြိုင်ပွဲတွင် ဆုဖလားရှစ်ကြိမ်ဖြင့် အောင်မြင်မှုအများဆုံးရခဲ့သည့် အသင်းအဖြစ် ရပ်တည်နေသော်လည်း ယခုပြိုင်ပွဲတွင် ကိုးကြိမ်မြောက်ဆုဖလားကို ရယူ၍ မှတ်တမ်းသစ်ရေးထိုးရန် မျှော်လင့်နေပြီး အုပ်စု(C)တွင် ပိုလန်အသင်း၊ ဒိန်းမတ်အသင်း၊ ဆွီဒင်အသင်းတို့နှင့်ကစားခဲ့ရကာ ပိုလန်အသင်းနှင့် ဒိန်းမတ်အသင်းတို့ကို နိုင်ပွဲရခဲ့သဖြင့် အုပ်စုမှ ကျော်ဖြတ်နိုင်ရန် သေချာခဲ့သည်။

သို့သော် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဆွီဒင်အသင်းနှင့် အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ခဲ့ရာတွင် ပွဲကစားချိန် ခုနစ်မိနစ်တွင် ဂျာမနီအသင်းက ဦးဆောင်ဂိုးသွင်းယူ၍ ဖိအာပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၂ မိနစ်တွင် ဆွီဒင်အသင်း ချေပဂိုး ပြန်လည်ရရှိခဲ့သည့်အပြင် ပွဲချိန် ၂၅ မိနစ်တွင် ဒုတိယဦးဆောင်ဂိုး ထပ်မံရရှိခဲ့ရာ ဂျာမနီအသင်း ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၃၁ မိနစ်တွင် ခံစစ်ကစားသမား၀မ်ဆာ အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့်အပြင် ပင်နယ်တီ ခွင့်ပြုပေးရသောကြောင့် ပထမပိုင်းတွင် ဆွီဒင်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဆွီဒင်အသင်းကသာ ပြိုင်ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သောကြောင့် ပွဲချိန် မိနစ် ၈၀ တွင် ဦးဆောင်ဂိုး ထပ်မံရရှိခဲ့ပြီး ဂျာမနီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရယူခဲ့သဖြင့် ဂျာမနီအသင်းအနေဖြင့် နှစ်ပေါင်း ၃၄ နှစ်အတွင်း ဆွီဒင်အသင်းကို ဂိုးပြတ်ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Fotmob

Trs : ML

တိုက်စစ်မှူး ဖာမင်နို ကာတာကလပ် အယ်ဆက်ဒ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

ဒိုဟာ ဇူလိုင် ၁၃

တိုက်စစ်မှူး ဖာမင်နိုသည် ဆော်ဒီကလပ်အယ်အာလီအသင်းကို ယခုနှစ် အေအက်ဖ်စီချန်ပီယံလီဂ်ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ယခုအပြောင်းအရွှေ့ကာလတွင် အယ်အာလီအသင်းမှ ထွက်ခွာခဲ့ကြောင်း သိရသည်။

ဖာမင်နိုသည် အယ်အာလီအသင်းတွင် ကာလရှည်ကစားသွားရန် ဆုံးဖြတ်ထားသော်လည်း အသင်းအနေဖြင့် ၂၀၂၄-၂၀၂၅ ဒုတိယရာသီဝက် ကာလတွင် ၎င်းကို ဆော်ဒီပရိုလီဂ်ပြိုင်ပွဲမှ မှတ်ပုံတင်ရန် လုပ်ဆောင်ခဲ့ခြင်းမရှိသည့်အပြင် အသင်းဥက္ကဋ္ဌက လည်း မီဒီယာများနှင့် တွေ့ဆုံချိန်တွင် ဖာမင်နိုကို စာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသော်လည်း အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့နောက် ဖာမင်နိုသည် ဘောလုံးရာသီ ကုန်ချိန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဘရာဇီးကလပ် ဖလာမင်ဂို အသင်းက ခေါ်ယူမည့်သတင်းများ ထွက်ပေါ်လာခဲ့သော်လည်း ၎င်းအနေဖြင့် အရှေ့အလယ်ပိုင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ထားသဖြင့် ကာတာကလပ် အယ်ဆက်ဒ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ တိုက်စစ်မှူး ဖာမင်နိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက အယ်အာလီအသင်းအတွက် သွင်းဂိုး ခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး အသင်းကို အေအက်ဖ်စီပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆုဖလားရရှိအောင် အဓိကဖန်တီးမှု နှစ်ကြိမ်ပြုလုပ်၍ ပါဝင်ကူညီနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းသည် ကွင်းလယ်ကစားသမား လိုပက်ဇ်ကို အနာဂတ်စီမံကိန်းအတွက် အသုံးပြုရန် ဆုံးဖြတ်ထားသော်လည်း ချဲလ်ဆီးအသင်းက ကွင်းလယ်ကစားသမား ဖာမင် လိုပက်ဇ်ကို စာချုပ်ဖျက်သိမ်းကြေး ယူရို ၇၅ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းနေသောကြောင့် အသင်းဘဏ္ဍာငွေတိုးတက်ရေးအတွက် ရောင်းချရန် စဉ်းစားလျက်ရှိသည်။
- အင်တာမီယာမီအသင်းက နာ့ဂ်ဗီလီအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီက အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် မေဂျာလီဂ်ပြိုင်ပွဲသမိုင်းတွင် ငါးပွဲဆက် သွင်းဂိုးနှစ်ဂိုး ဆက်တိုက်သွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့ပြီး ၎င်းရရှိထားသည့် လေးပွဲဆက်ဂိုးသွင်းယူခဲ့သည့်စံချိန်ကိုလည်း ချိုးဖျက်ခဲ့ကြောင်း သိရသည်။

ML

စီရော်နယ်ဒို့က လာမည့်ရာသီတွင် ကြံ့ခိုင်မှုပိုင်းအတွက်ကာလရှည်ကစားနိုင်ရန် ပွဲကစားချိန် ၂၅ ရာခိုင်နှုန်း လျှော့ချသွားမည်ဟုဆို

ရီယာ့ဒ် ဇူလိုင် ၁၃

အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒို့က လာမည့် ဘောလုံးရာသီတွင် ကြံ့ခိုင်မှုပိုင်းနှင့် ပတ်သက်ပြီး ကာလရှည် ကစားနိုင်ရန်အတွက် ပွဲကစားချိန်ကို ၂၅ ရာခိုင်နှုန်း လျှော့ချ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၄၀ ရှိနေပြီဖြစ်သည့် စီရော်နယ်ဒို့သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။

စီရော်နယ်ဒို့သည် ယခုနှစ် ဘောလုံးရာသီတွင် အယ်နာဆာအသင်းကစားခဲ့သည့် ပြိုင်ပွဲစုံ ပွဲ ၅၀ တွင် ၄၁ ပွဲထိ ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပွဲစဉ်တိုင်း နီးပါး ပါဝင်ကစားပေးခဲ့သော်လည်း လက်ရှိတွင် အသက်အရွယ် အပိုင်းအခြားအရ ရေရှည်ကစားနိုင်ရန်အတွက် ပွဲကစားချိန်များကို ၂၅ ရာခိုင်နှုန်းထိ လျှော့ချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လာမည့် ဘောလုံးရာသီတွင် အယ်နာဆာအသင်းကို နည်းပြ သစ်အဖြစ် ပေါ်တူဂီလူမျိုးနည်းပြ ဂျော့ဂျီးဆပ်က တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး ရာသီသစ်မတိုင်မီ နည်းပြ ဂျော့ဂျီးဆပ်နှင့် စီရော်နယ်ဒို့တို့ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် လာမည့် ရာသီတွင် စီရော်နယ်ဒို့အနေဖြင့် ပွဲကစားချိန်ကို ၂၅ ရာခိုင်နှုန်း လျှော့ချရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

အိုနာနာဒဏ်ရာရရှိမှုကြောင့် ဂိုးသမားဗစ်တာကို ခေါ်ယူရန် မန်ယူအသင်းကြိုးပမ်း

မန်ချက်စတာ ဇူလိုင် ၁၃

မန်ယူအသင်းသည် အသင်းမှ ဂိုးသမားအိုနာနာ ဒဏ်ရာရရှိခဲ့သဖြင့် ဘရာဇီးကလပ် ဘိုတာဖိုဂို အသင်းမှ ဂိုးသမားဗစ်တာကို နွေရာသီ အပြောင်းအရွှေ့ကာလ အတွင်းခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အိုနာနာသည် ရာသီကြို ခြေစမ်းပွဲ ကစားရန်အတွက် အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့မှုကြောင့် ရက်သတ္တ ရှစ်ပတ်ခန့်ထိ အနားယူရမည်ဖြစ်၍ နည်းပြအာမိုရင်က ၎င်းနေရာတွင် အကောင်းဆုံး အစားထိုးနိုင်မည့် ဘိုတာဖိုဂိုအသင်းမှ ဂိုးသမားဗစ်တာကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ဂိုးသမားဗစ်တာသည် လက်ရှိ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘိုတာဖိုဂို အသင်းနှင့်အတူ လက်စွမ်းပြသနိုင်ခဲ့သည့်အတွက် နည်းပြ အာမိုရင်က ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ခြောက်သန်းပေးချေ၍ ခေါ်ယူရန် ကြိုးပမ်းလာသကဲ့သို့ ဂိုးသမားဗစ်တာကလည်း မန်ယူအသင်းသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

မန်ယူအသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ စတင်ချိန်က အိုနာနာကိုရောင်းချ၍ အေဗီလာ အသင်းမှ ဂိုးသမား မာတီနက်ဇ်ကို စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေသောကြောင့် အိုနာနာကိုသာ အသင်းတွင်ဆက်လက်ထားရှိခဲ့ပြီး လက်ရှိတွင် ကစားသမား အနေဖြင့် ဒဏ်ရာပြဿနာကြောင့် ရာသီအစပွဲစဉ်များကို လွဲချော်မည်ဖြစ်၍ စာချုပ်ဖျက်သိမ်းကြေး အနည်းငယ်သာ ပေးချေရသည့် ဂိုးသမားဗစ်တာကိုအစား ထိုးခေါ်ယူရန် ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

အိုဗီဒိုအသင်းက ဝါရင့်ကွင်းလယ်ကစားသမား ကာဇီလာကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆို

မက်ဒရစ် ဇူလိုင် ၁၃

ယခုနှစ် ဘောလုံးရာသီတွင် စပိန်လာလီဂါ-၂ ပြိုင်ပွဲမှ စပိန်လာလီဂါပြိုင်ပွဲသို့ တန်းတက်လာခဲ့သည့် အိုဗီဒိုအသင်းက အသင်းကို တန်းတက်အောင် အဓိက ကူညီပေးခဲ့သည့် ဝါရင့်ကွင်းလယ် ကစားသမားကာဇီလာကို တစ်နှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၄၀ ရှိနေပြီဖြစ်သည့် ကာဇီလာသည် အိုဗီဒိုအသင်းနှင့်စာချုပ်သက်တမ်းမှာ ပြီးခဲ့သည့် ဇွန်လအကုန်က ကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း အိုဗီဒိုအသင်းက စပိန်လာလီဂါပြိုင်ပွဲသို့ တန်းတက်နိုင်ခဲ့ရာတွင် အဓိက ကစားသမား တစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်၍ နောက်ထက်တစ်ရာသီ လက်တွဲလိုသည့်အတွက် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကာဇီလာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ဗီလာရီးရဲလ်အသင်း၊ အာဆင်နယ်အသင်း စသည့်ထိပ်တန်းအသင်းများတွင် ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အယ်ဆက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အိုဗီဒိုအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကြောင်း သိရသည်။

ကာဇီလာသည် ယခုနှစ် ဘောလုံးရာသီတွင် အိုဗီဒိုအသင်း စပိန်လာလီဂါပြိုင်ပွဲသို့တန်းတက်ခဲ့ရာတွင် အသင်းခေါင်းဆောင်အဖြစ် အသင်းကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ ပွဲ ပါဝင်ကစားခဲ့ကာ ငါးဂိုးသွင်းယူနိုင်ခဲ့ပြီး ငါးကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည်။

အလားတူ ကာဇီလာသည် ပြီးခဲ့သည့် မီရန်ဒက်အသင်းနှင့် ကစားခဲ့သည့် စပိန်လာလီဂါပြိုင်ပွဲသို့ တန်းတက်ခွင့်အတွက် ရှုံးထွက်ပွဲစဉ်တွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ပေါလ်ပီတာဆန်ဦးဆောင်

ကန်တပ်ကီ ဇူလိုင် ၁၃

အမေရိကန်နိုင်ငံ ကန်တပ်ကီ ပြည်နယ်တွင် ကျင်းပနေသည့် ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပေါလ်ပီတာဆန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့နှင့် ဒုတိယနေ့တို့တွင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ချန်ကင်မ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားလုပ်လစ်နှင့် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား စကင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

သို့သော် တတိယနေ့တွင် ယှဉ်ပြိုင်သွားရမည့် ၁၈ ကျင်းစလုံးပြီးဆုံးခြင်းမရှိသေးဘဲ ရာသီဥတုဆိုးရွားသည့်အတွက် ပွဲအားယာယီ ရပ်ဆိုင်းထားရသည်။

PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် ပြိုင်ပွဲဝင် အားလုံးက ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : AZL

ရီးရဲလ်မက်ဒရစ်အသင်းက အဖွင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သော်လည်း စပိန်လာလီဂါအဖွဲ့ချုပ် ပယ်ချ

မက်ဒရစ် ဇူလိုင် ၁၃

ရီးရဲလ်မက်ဒရစ် အသင်းက လာမည့်ဘောလုံးရာသီ အဖွင့်ပွဲစဉ်အဖြစ်ကစားမည့် အိုဆာဆူနာ အသင်းနှင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန်အတွက် စပိန်လာလီဂါအဖွဲ့ချုပ်ထံ တင်ပြတောင်းဆိုခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့ရာ ဆီမီးဖိုင်နယ်အဆင့်ထိ ကစားခဲ့ရသည့်အတွက် ပြိုင်ပွဲအပြီးတွင် ကစားသမားများကို ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုများမတိုင်မီ နားရက်အချိန်တစ်လ သတ်မှတ်ပေးထားသည်။

ရီးရဲလ်မက်ဒရစ် အသင်းက ကစားသမားများကို နားရက်အချိန်တစ်လ ပေးထားရသည့်အတွက် ရာသီသစ်အတွက်ကြိုတင်ပြင်ဆင်ချိန်များ လုံလောက်မှုမရှိသောကြောင့် ပြင်ဆင်ချိန် လုံလောက်မှုရှိစေရန်အတွက် လာမည့်ဘောလုံးရာသီ စပိန်လာလီဂါ ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ်ကစားမည့် အိုဆာဆူနာအသင်းနှင့် ကစားမည့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန်အတွက် တောင်းဆိုခဲ့သော်လည်း စပိန်လာလီဂါအဖွဲ့ချုပ်က ပယ်ချခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက စပိန်ဘောလုံးအဖွဲ့ချုပ်က ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်လာလီဂါကလပ် အသင်းများအနေဖြင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဆိုပါက ကစားသမားများ၏ကြံ့ခိုင်မှုပိုင်းအတွက် ထောက်ထားပြီး စပိန်လာလီဂါ အဖွင့်ပွဲစဉ်အဖြစ် ကစားမည့် ပွဲစဉ် ရွှေ့ဆိုင်းပေးသင့်သည်ဟု ထောက်ခံခဲ့သော်လည်း စပိန်လာလီဂါအဖွဲ့ချုပ်က ရီးရဲလ်မက်ဒရစ်အသင်း၏ တောင်းဆိုမှုကို ပယ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

မန်းရွှေမြို့ကို စိမ်းလန်းမြို့တော်ဖြစ်စေရန်

မန္တလေးမြို့မှာ ဒီနှစ်ပိုပူပါတယ်၊ ပူတာမှ ၄၀ ဒီဂရီဆဲစီယပ်ကျော်တဲ့ ရက်တွေများ၏။ ဘယ်လောက်ပဲပူပူ ဘုရားဝင်း၊ ကျောင်းဝင်းတွေထဲက ညောင်ပင်၊ခရေပင်၊ မည်စည်ပင်အောက်ရောက်သွားလို့ကတော့ လေကလေးတဖြူးဖြူးနဲ့ အေးသွားတာပါပဲ။ အေးတာအပြင် လူပါလန်းဆန်းသွား၏။ လေအေးရုံသက်သက်ကြောင့် မဟုတ်၊ အောက်ဆီဂျင်ပြည့်ဝသည့်လေဖြစ်လို့ပါ။ ကုသိုလ်တော်ဘုရားဝင်း ထဲကနှစ်ရာကျော်ခရေပင်ကြီးတွေ ခြောက်သွေ့သွားတာ အလွန်နှမြောမိပါ၏။ အလားတူ မန္တလေးတက္ကသိုလ်မှာ သက်တမ်းရင့်အပင်ကြီးခုတ်တယ်ကြားတော့ အလွန်ဝမ်းနည်းမိပါသည်။ တကယ်တော့သစ်တစ်ပင်ဟာ ဧရပ်တစ်ဆောင်ပါပဲ။ ၄က်တစ်သောင်း နားခိုရုံတင်မကပါ၊ အခြားသက်ရှိပေါင်းများစွာ ခိုလှုံနိုင်ပါသည်။

မြို့ကြီးတစ်မြို့ ဖွံ့ဖြိုးတယ်၊ တိုးတက်တယ်၊ အေးချမ်းသာယာတယ်ဆိုတာကို အဆောက်အအုံတွေ၊ လမ်းတံတားတွေစတဲ့ Infrastructure တွေ ခေတ်မီ အရည်အသွေးပြည့်ဝဖို့လိုပါတယ်။ ဒါပေမဲ့ ၂၁ ရာစုကို ဝင်ရောက်လာသည့်အချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေကတော့ ခေတ်မီတိုးတက်တဲ့မြို့ ဟုတ်၊ မဟုတ်ကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့မြို့ (Healthy City) ဟုတ်၊ မဟုတ်ဆိုတဲ့ ပေတံနဲ့ ယနေ့တိုင်းတာပါတယ်။ အမှိုက်ရှင်းတယ်၊ ရေစီးရေလာကောင်းတယ်၊ ခြင်၊ ယင်၊ အင်းဆက်ကင်းတယ်ဆိုရုံနဲ့ ကျန်းမာရေးဂုဏ်အင်္ဂါနဲ့ညီညွတ်တဲ့ မြို့မဖြစ်သေးပါဘူး။ လေကောင်းလေသန့်ရသလား၊ အခြားစက်ရုံ အလုပ်ရုံမော်တော်ကားတွေက ထွက်တဲ့ဖုန်နဲ့မီးခိုးငွေ့တွေ ကင်းစင်ရဲ့လားဆိုတာလဲ အရေးကြီးပါတယ်။ လစဉ် လေထုညစ်ညမ်းမှုကင်းရှင်း ခြင်း သို့မဟုတ် မြို့ပြနေလူထု ကျန်းမာရေးနှင့်ညီညွတ်နေနိုင်လောက်တဲ့ အောက်ဆီဂျင်ပြည့်ဝတဲ့ လေနဲ့သင့်တင့် မျှတတဲ့အပူချိန်လဲရှိဖို့ လိုပါတယ်။

ဒါကြောင့် မြို့ကြီးတစ်မြို့ဟာ အဆောက်အအုံ၊ လမ်းတံတား၊ စီးစရာယာဉ်မျိုးစုံနဲ့ ပျော်စရာနေရာမျိုးစုံပေါများသည်ထက်ကို ပိုများရမည့်အရာကတော့ သစ်ပင်ကြီးတွေပါပဲ။ အိမ်၊ ခြံဝင်း၊ ကျောင်းဝင်း၊ ရုံးဝင်း၊ လမ်းဘေးဝဲ၊ ယာနဲ့မြေကွက်လပ်တွေမှာ သစ်ပင်ကြီးငယ်တွေရှိနေရပါမယ်။ ဒါကို "မြို့ပြသစ်တော" (Urban Forest) လို့ ပညာရှင်တွေက အမည်တပ်ကြပါတယ်။ မြို့ကြီးတစ်မြို့ဟာ သစ်ပင်တွေနဲ့အမြဲစိမ်းနေရပါမယ်။ မြို့ပြသစ်တောထူထပ်တဲ့မြို့ကို "စိမ်းလန်းမြို့တော်" (Green City) လို့ဆိုပါတယ်။ စိမ်းလန်းမြို့တော်မဖြစ်သမျှ ဖွံ့ဖြိုးတိုးတက်သာယာအေးချမ်းတဲ့ မြို့တစ်မြို့အဆင့် မရောက်သေးပါဘူး။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ မြို့သစ်တစ်ခုတည်ထောင်တော့မယ်ဆိုရင် အဆောက်အအုံ၊ လမ်းတံတားတွေနဲ့အတူ လူထုအပန်းဖြေပန်းခြံ၊ ကစားကွင်း၊ လမ်းဘေးဝဲယာတွေမှာ သစ်ပင်ကြီးငယ်တွေ၊ လမ်းလယ်ကျွန်းက သစ်ပင်တွေ၊ မြက်ခင်းစိမ်းစိမ်းတွေအတွက် စီမံကိန်းကြိုတင်ချထားကြပါတယ်။ အပင်တွေဟာ မြို့ကြီးနဲ့ ထိုမြို့ကြီးတွင် နေထိုင်သူတွေအတွက် ဘာတွေများတန်ဖိုးရှိလို့ ဒီလောက် အလေးထားနေရတာလဲဆိုရင် အပင်တွေဟာ မြင့်တက်လာတဲ့အပူချိန်ရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ပါတယ်တဲ့၊ ပညာရှင်တွေရဲ့ သုတေသနရလဒ်ပါ။

ဒုံပြင် ယနေ့ ကျွန်တော်တို့ ရှူရှိုက်နေတဲ့ အောက်ဆီဂျင်ကို အပင်တွေနဲ့ စိမ်းပြာရေညိုတွေကသာ ထုတ်ပေးနိုင်တာမို့ အောက်ဆီဂျင်ကြွယ်ဝပြီး သန့်ရှင်းတဲ့လေကို ရှူရှိုက်ခွင့်ရလို့ ကျန်းမာရေးနဲ့ ပြည့်စုံစေပါတယ်။ ယနေ့ကမ္ဘာကြီးပူနွေးစေတာက ယာဉ်တွေ၊ စက်ရုံတွေနဲ့ မီးဖိုချောင်တွေကထွက်တဲ့ မီးခိုးတွေနဲ့ ကျွန်တော်တို့နှင့် တိရစ္ဆာန်တွေ အသက်ရှူတဲ့ဆီက ပြန်ထုတ်လိုက်တဲ့ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ပါ။ အဲဒီဓာတ်ငွေ့နဲ့နေ့အပူချိန်ကို အပင်ကသာ စုပ်ယူနိုင်စွမ်းရှိတာမို့ ကမ္ဘာကြီးနှင့် မြို့ကြီးရဲ့အပူချိန်ကို လျော့ကျစေပါတယ်။

ရှေးလူကြီးတွေက ကျွန်တော်တို့ မန္တလေးမြို့မှာရှိတဲ့ အင်းတွေနဲ့ ဧရာဝတီမြစ်ကမ်းပေါ်မှာရှိတဲ့ ကုက္ကိုပင်၊ လက်ပံပင်၊ မည်စည်ပင်စတဲ့ အပင်ကြီးတွေ စိုက်ထားခဲ့တာဟာ အဓိကတော့ ရေတိုက်စားတဲ့ဒဏ်ခံနိုင်အောင်လို့ပါ။ ပြီးတော့သစ်ပင်တွေ၊ မြို့ပြသစ်တောတွေ ပတ်ဝန်းကျင်မှာရှိနေရင် ရေလွှမ်းတဲ့ဒဏ်၊ မုန်တိုင်းတိုက်ခတ်တဲ့ဒဏ်စတဲ့ သဘာဝဘေးဒဏ်တွေကလဲ မြို့ကြီးကိုကာကွယ်ပြီးသားဆိုတာကို ကြိုတင်မြော်မြင်မှုရှိကြလို့ပါ။

သစ်တောသစ်ပင်စိမ်းစိမ်းစိုစိုအလှကို မြင်လိုက်ရရင် တစ်နေ့တာပင်ပန်းမှုကို ပြေပျောက်စေပါတယ်။ အပင်ကြီးတွေပေါတဲ့ တောင်သမန်အင်းစောင်းတို့၊ ရတနာပုံဥယျာဉ်တို့၊ မန္တလေးတောင်ခြေတို့မှာ မိသားစုအပန်းဖြေသွားကြတာ အပင်တွေရဲ့ အေးချမ်းတဲ့အရိပ်နဲ့ ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်ဟာ ပင်ပန်းနွမ်းနယ်မှုကို ပျောက်စေလို့ပါပဲ။ အပူကဲလာတဲ့မြို့ကြီးကို စိမ်းလန်းမြို့ကြီးဖြစ်အောင် ဆိုက်ကားဆရာကြီးဦးငွေက မန္တလေးမြို့နေရာလွတ်တွေမှာ တစ်နိုင်တစ်ပိုင် သစ်ပင်စိုက်ခဲ့ပါသေးတယ်၊ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရဲတာ ရွှေမန်းသားတို့ရဲ့ဗီဇပါ၊ သတ္တိပါ။

မြို့ကြီးတွေမှာ ကားတွေ၊ စက်ရုံတွေ၊ ဆူညံသံတွေကိုလဲ မြို့ပြသစ်တောတွေက ကာထားလို့ ဆူညံသံလျော့ကျစေပါတယ်။

၂၀၀၅ ခုနှစ်ကတည်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ စိမ်းလန်းသာယာမြို့တော်များ (Green Cities) ကို ထည့်ထားရသလဲဆိုရင် မြို့ပြဟာအဆောက်အအုံနဲ့ လမ်းတံတား သက်သက်ချည်းပဲရှိနေရင်တော့ သာယာမှုကင်းပြီး ကျန်းမာရေးချို့တဲ့သော မြို့ကြီးတစ်မြို့အဖြစ် ရပ်တည်နေမှာပါ။ စိမ်းလန်းတဲ့မြို့ပြ သစ်တောဖုံးလွှမ်းနေမှသာ သာယာအေးချမ်းဖွံ့ဖြိုးတဲ့ မြို့ကြီးတစ်မြို့ဖြစ်မှာပါလို့ ဖော်ညွှန်းထားခြင်းပါ။ အခုလို စိမ်းလန်းသာယာတဲ့ မြို့ကြီးတွေနဲ့ပြည့်နှက်နေမှသာ ကမ္ဘာကြီးဟာလဲ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ကမ္ဘာ ဖြစ်လာမှာပါ။ ဒါကြောင့် အခုကတည်းက စိမ်းလန်းသာယာမြို့များကို စီမံချက်ချလုပ်ဆောင်ဖို့ "Green Cities; Plant for the Planet" "စိမ်းလန်းသာယာမြို့များစွာ ကမ္ဘာအတွက် စီမံချက်" ဆိုတဲ့ဆောင်ပုဒ်ဆိုတာကို ၂၀၀၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မှာ ကမ္ဘာကို နှိုးဆော်တိုက်တွန်းလိုက်တာပါပဲ။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ မြို့ကြီးတွေရဲ့အဓိကရင်းနှီးမြှုပ်နှံမှုဟာ မြို့ပြသစ်တောထူထောင်ခြင်းပါပဲတဲ့။ ယနေ့ထိ မြန်မာနိုင်ငံမှာ စိမ်းလန်းမြို့တော်အဆင့်နဲ့ညီတာကတော့ နေပြည်တော်ပဲ ရှိပါတယ်၊ နေပြည်တော်ဟာ မြို့ထဲတင် သစ်ပင်ကြီးတွေရှိတာ မဟုတ်ပါ။ မြို့တော်ရဲ့ပတ်လည်မှာလဲ သစ်တောတွေ ဝိုင်းသည့်မြို့ဖြစ်၍ ကမ္ဘာမှာ အစိမ်းရောင်ခါးပတ် (Green Belt) ရှိတဲ့ မြို့တော်ကြီးပါ။

မြန်မာနိုင်ငံထဲက မြို့ကြီးတစ်မြို့ဖြစ်ပြီး အပူပိုင်းဒေသမှာရှိတဲ့ ကျွန်တော့်ရဲ့ မန္တလေးမြို့တော်ကို နှစ်စဉ်အပူချိန်လျော့ပြီး သာယာအေးချမ်းဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးဆုံး ရင်းနှီးမြှုပ်နှံမှုကတော့ သစ်ပင်များကို လမ်းဘေးဝဲယာ၊ ရုံးဝင်း၊ ခြံဝင်းနှင့် မြို့ပတ်လည်က မြေလွတ်မြေရိုင်းတွေမှာ သစ်ပင်တွေကို ရှင်အောင်စိုက်ပြီး မြို့ပြသစ်တောထူထောင်ကာ စိမ်းလန်းမြို့တော် တည်ဆောက်ဖို့ပါပဲ။ ဆိုက်ကားဆရာကြီး ဦးငွေရဲ့ မန်းမြို့သားဗီဇ နှင့် သတ္တိကို နောက်မျိုးဆက် ရွှေမန်းသူ၊ ရွှေမန်းသားတွေအတုယူသင့်ပါတယ်။ ဒါမှသာ မန်းရွှေမြို့ဟာ မြန်မာ့ယဉ်ကျေးမှုမြို့တော်နှင့်အညီ "ကျန်းမာတဲ့ မြို့"၊ "ဖွံ့ဖြိုးတဲ့မြို့" "သာယာတဲ့ နေချင်စဖွယ်မြို့" ဖြစ်လာမှာပါ။

❖ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ မြို့သစ်တစ်ခုတည်ထောင်တော့မယ်ဆိုရင် အဆောက်အအုံ၊ လမ်းတံတားတွေနဲ့အတူ လူထုအပန်းဖြေပန်းခြံ၊ ကစားကွင်း၊ လမ်းဘေးဝဲယာတွေမှာ သစ်ပင်ကြီးငယ်တွေ၊ လမ်းလယ်ကျွန်းက သစ်ပင်တွေ၊ မြက်ခင်းစိမ်းစိမ်းတွေအတွက် စီမံကိန်းကြိုတင်ချထားကြပါတယ်။ အပင်တွေဟာ မြို့ကြီးနဲ့ ထိုမြို့ကြီးတွင် နေထိုင်သူတွေအတွက် ဘာတွေများတန်ဖိုးရှိလို့ ဒီလောက် အလေးထားနေရတာလဲဆိုရင် အပင်တွေဟာ မြင့်တက်လာတဲ့အပူချိန်ရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ပါတယ်တဲ့၊ ပညာရှင်တွေရဲ့ သုတေသနရလဒ်ပါ။ ❖

ဒေါက်တာမောင်သင်း

ရွှေညှော့သည် ဇာတ်လမ်းတွဲကို Bebee tv Application မှ ဇူလိုင်လတတိယပတ်အတွင်း ထုတ်လွှင့်တင်ဆက်သွားမည်

ရန်ကုန် ဇူလိုင် ၁၃

A Twenty Three ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ရွှေညှော့သည် အမည်ရှိ ဇာတ်လမ်းတွဲကို Bebee tv Application မှ ဇူလိုင်လတတိယပတ်အတွင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ ရွှေညှော့သည် ဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ အာကာစိုးဦးထံမှ သိရသည်။

အဆိုပါ ရွှေညှော့သည် အမည်ရှိ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အာကာစိုးဦးနှင့် စိစိတို့က ရေးဖွဲ့ထားကာ အာကာစိုးဦး၊ စိစိနှင့် ငွေတိုးတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ အာကာစိုးဦးက A Twenty Three ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ခြောက်လအတွင်း ကြီးပွားအောင်လုပ်မယ်လို့ အဖေဖြစ်သူကို စိန်ခေါ်ကာ အိမ်ကထွက်လာခဲ့တဲ့ သူဌေးသားတစ်ယောက် ရှေ့လျှောက် ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်ရမလဲ ဆိုတာကတော့ မကြာခင် Bebee tv Application မှာ ပြသသွားမဲ့ ရွှေညှော့သည် ရုပ်သံဇာတ်လမ်းတွဲမှာ စောင့်ကြည့်အားပေးကြပါအုံး" ဟု ဒါရိုက်တာ အာကာစိုးဦးက ပြောပြသည်။

ရွှေညှော့သည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အာကာစိုးဦး၊ မင်းသူ၊ တိမ်ညွှန့်၊ ပန်းသီး၊ စိစိ၊ ရွှေအိုး၊ ငွေတိုး၊ ဒဲ့ဒိုး၊ ကံပွင့်၊ ရာဇာပေါက်စီ၊ လီလီကျော်ခိုင်၊ သူဇာပွင့်၊ နန္ဒာနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

Sense and Sensibility ဇာတ်ကားခွဲ မင်းသမီး အက်စ်မီးခရိဒ်မိုင်း ပါဝင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၁၃

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Sense and Sensibility ဇာတ်ကားခွဲ မင်းသမီး အက်စ်မီးခရိဒ်မိုင်း ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Sense and Sensibility ဇာတ်ကားတွင် အက်စ်မီးခရိဒ်မိုင်း သည် မင်းသမီး ဒေစီ အဂ္ဂါဂျိုးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် တရုတ်(တိုင်ပေ) ဒါရိုက်တာ အန်လီ ရိုက်ကူးခဲ့သော Sense and Sensibility(1945) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Sense and Sensibility ဇာတ်ကားသစ်ခွဲ အက်စ်ဖီးခရိမိုင်းသည် မာရီယန်ဒက်ရ်ဂုဒ်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

မူလ Sense and Sensibility ဇာတ်ကားခွဲ မာရီယန်ဒက်ရ်ဂုဒ် ဇာတ်ကောင်နေရာတွင် မင်းသမီး ကိတ်ဝင်းစလက်က သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Sense and Sensibility ဇာတ်ကားသစ်ကို အမျိုးသမီး ဒါရိုက်တာ ဂျော်ဂျီယာ အုတ်ကလေက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး စာရေးဆရာမ ဒိုင်ယာနာရိဒ်က ရေးသားပေးထားသည်။

Ref : Sputnik News

Trs : KKO

Road House -2 ဇာတ်ကားမှ ဒါရိုက်တာ ဂိုင်းရစ်ချီနုတ်ထွက်

နယူးယောက် ဇူလိုင် ၁၃

Amzon MGM စတူဒီယို၏ Road House–2 ဇာတ်ကားရိုက်ကူးရေးမှ ဒါရိုက်တာ ဂိုင်းရစ်ချီနုတ်ထွက်သွားကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Road House–2 ဇာတ်ကားမှ ဒါရိုက်တာ ဂိုင်းရစ်ချီ နုတ်ထွက်ရသည့် အကြောင်းအရင်းကို မသိရသေးပေ။

လက်ရှိအချိန်တွင် Amzon MGM စတူဒီယိုသည် Road House –2 ဇာတ်ကားအတွက် ဒါရိုက်တာ အသစ်ရှာဖွေနေကြောင်း ဟောလိဝုဒ် ရုပ်ရှင်လောကသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

Road House–2 ဇာတ်ကားသည် မင်းသား ဂျိတ်ခ်ဂျီလန်ဟားလ် ပါဝင်သရုပ်ဆောင်ခဲ့သည့် Road House (2024) အက်ရှင် ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Road House–2 တွင် မင်းသား ဂျိတ်ခ်ဂျီလန်ဟားလ်က အဓိက ဇာတ်ဆောင် လက်ဒ္ဒေကျော်ဟောင်း ဒယ်လ်တန်အဖြစ် ထပ်မံပါဝင်လာမည်ဖြစ်သည်။

Amzon MGM သည် Road House–2 ကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

တေးသံရှင် ရွှေထူး၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြိုနယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၁၃

တေးသံရှင် ရွှေထူး၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြိုနယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ရွှေထူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် လာမည့် ဇူလိုင် ၁၉ ရက်ညတွင် Judson Band တေးဂီတအဖွဲ့၏ အကောင်းဆုံးပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ယခုလို မိုးအေးအေးလေးမှာ သီချင်းနားထောင်ရင်း ငယ်ဘဝရဲ့ ရင်ခုန်စရာ အမှတ်တရလေးတွေ ဆီ တစ်ခေါက်ပြန်လည်ရောက်ရှိအောင် ကျွန်တော်အကောင်းဆုံး ကြိုးစားဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ ဒီပွဲမှာဆိုရင် Judson Band ရဲ့ တီးခတ်မှုတွေနဲ့အတူ အသံပါဝါကောင်းကောင်းနဲ့ သီဆိုတတ်တဲ့ Judson In-House Vocalists တွေ ခေတ်ပေါ် Beat တွေနဲ့ Dj Artists တွေ၊ Dancer ကောင်မလေးတွေကပါ Live Performance အပြည့်နဲ့ ကျွန်တော်တို့ကို ကူညီပံ့ပိုးဖျော်ဖြေတင်ဆက် ပေးသွားမှာမို့ လာရောက် ခံစားနားဆင်ကြည့်ရှုအားပေးကြပါအုံး"ဟု တေးသံရှင် ရွှေထူးက ပြောပြသည်။

တေးသံရှင် ရွှေထူး၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲကို လာမည့် ဇူလိုင် ၁၉ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

ရန်ပြိုးဝက်ပါသိုင်းဝိဇ္ဇာ အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို SkyNet အခပေးရုပ်သံလိုင်း SKYPREMIER HD တွင် ထုတ်လွှင့်ပြသ

ရန်ကုန် ဇူလိုင် ၁၃

SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD တွင် ရန်ပြိုးဝက်ပါသိုင်းဝိဇ္ဇာအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို လာမည့် ဇူလိုင် ၁၂ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသ လျက်ရှိကြောင်း အဆိုပါ မြန်မာရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ လွင်ဗိုလ်ထံမှ သိရသည်။

အဆိုပါ ရန်ပြိုးဝက်ပါသိုင်းဝိဇ္ဇာအမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွင်ဗိုလ်က ရေးသားထားကာ လွင်ဗိုလ်ကပင် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းမှာတော့ မိသားစုပြဿနာလေး တစ်ခုကို အကြောင်းပြုပြီး သိုင်းလောကကြီး တစ်ခုလုံး သွေးချောင်းစီးရတဲ့ အဖြစ်အပျက်တွေနဲ့အတူ သိုင်းလောကရဲ့ရှုပ်ထွေးမှု အကြောင်းတွေ ကြည့်ကြရမဲ့ မြန်မာသိုင်းအားကစား ဂုဏ်ပြုဇာတ်လမ်းတွဲ လေးဖြစ်ပါတယ်" ဟု ဒါရိုက်တာ လွင်ဗိုလ်က ပြောပြသည်။

အဆိုပါ ရန်ပြိုးဝက်ပါသိုင်းဝိဇ္ဇာ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေထူးနိုင်၊ ကျော်ဇောဟိန်း၊ မိုးသက်နိုင်၊ နော်အယ်လီ၊ ရဝိန်၊ မိုးစက်၊ နေထက်နိုင်၊ ပြည့်ပြည့်သော်၊ ဆောင်းဟေမန်နှင်း၊ ကြယ်စင်ရှိုင်း၊ ယမင်းထက် စသည့် သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကာ ဇူလိုင် ၁၂ ရက်မှ စတင်ကာအပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၈ နာရီအချိန်တွင် ထုတ်လွှင့်ပြသ လျက်ရှိကြောင်း သိရသည်။

ASH

Pwintbyu Township grows over 34,000 acres of rainfed crops

A crop farm in Pwintbyu Township.

Pwintbyu July 13

A total of 34,774 acres of rain-fed crops were planted in Pwintbyu Township, Minbu District, Magway Region in this year rain crops planting season, according to the Department of Agriculture for Pwintbyu Township.

Pwintbyu Township has planned to plant 140,345 acres of rain-fed crops in this year rain crops planting season, and local farmers have been planting since the first week of June this year to meet the target. So far, 34,774 acres of rain-fed crops have been planted.

"We are working hard to meet the target for each crop. We are also providing agricultural education and support to local farmers to improve yields and produce high-quality crops," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

If farmers can cultivate crops with good quality and yield, they will not only satisfy local consumption but also generate income by selling surplus crops and develop socio-economic life, so they should strive to expand the cultivation of crops every year regardless of the region, she said.

Ye Win Naing (NyaungU)

Huge weaponry discovered, 58 detained in Afghanistan's Helmand province

Kabul July 13

Police have discovered a huge quantity of arms and ammunition in southern Afghanistan's Helmand province over the past three months, with 58 people arrested, provincial director for counter-criminal activities Mawlawi Abdul Satar Amin said Sunday.

The weaponry, which included 45 pieces of pistols, seven pieces of Kalashnikovs, nine pieces of other types of assault rifles, hundreds of projectiles and other military equipment, was discovered during operations in the provincial capital Lashkar Gah and several districts over the past three months, the official said.

All the collected arms and ammunition were handed over to the concerned authorities recently, the official asserted.

Police have also taken into custody 58 individuals on charges of involvement in criminal activities such as theft, armed robbery, and murder, the official said, adding police won't allow anyone to create law and order problems in the province.

In similar operations, police also reported the discovery of arms and ammunition, including 13 pieces of AK-47 and six rocket launchers, in Helmand's neighboring Kandahar province on Saturday. Xinhua

Mawlaik District grows over 1,400 acres of rainfed vegetables this year rain crops planting season

Mawlaik July 13

A total of 1,405 acres of vegetable crops have been planted in Mawlaik District in Sagaing Region during this year rain crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

Mawlaik District has planned to plant 2,645 acres of vegetable crops during the 2025-2026 rain crops planting season, and planting has begun since May this year. To date, 1,053 acres have been planted in Mawlaik Township and 352 acres in Phaungpyin Township, a total of 1,405 acres.

"We are working to achieve the target acreage. These include mustards, chilis, spices, potatoes, cabbages and eggplants. We are providing farmers with technology to grow all vegetables using the GAP system. We are providing farmers with technology to grow all vegetables with minimal chemical residues and in a healthy way," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

The acreages of vegetables earmarked for cultivation in Mawlaik District in 2025-2026 rain crops planting season are as per following: 1,109 acres in Mawlaik Township and 1,536 acres for Phaungpyin Township, for a total of 2,645 acres. 206

A vegetable farm.

UAE delegation's China visit boosts cooperation on climate, food security: ministry

Abu Dhabi July 13

A United Arab Emirates (UAE) delegation, led by Climate Change and Environment Minister Amna bint Abdullah Al Dahak, has concluded a four-day visit to China to strengthen cooperation on climate action, sustainable agriculture, and food security, the UAE government said Sunday.

Held from July 7 to 10, the visit included meetings with leading Chinese institutions such as the Chinese Academy of Agricultural Sciences, Tsinghua University and Beijing Tongzhou International Seed Industry Science and Technology Center, according to a statement from the UAE Ministry of Climate Change and Environment.

Discussions focused on sustainable agriculture, circular economy practices, and innovations in seed science, smart breeding, dairy production, and tropical farming, said the statement.

The delegation also explored avenues for environmental cooperation, holding talks with the Chinese Research Academy of Environmental Sciences and the Institute of Public & Environmental Affairs on air pollution control, waste management, clean transportation, and data transparency.

In the statement, Al Dahak emphasized UAE's interest in integrating China's agricultural technologies into its National Food Security Strategy 2051, describing the UAE-China relationship as "a unique model of successful cooperation." Xinhua

Over 29,338 acres of peanuts cultivated in Tantse Township this monsoon season

Tantse July 13

According to records from the Ye-U District Agriculture Department, a total of 29,338 acres of peanuts have been successfully cultivated in Tantse Township, Ye-U District, Sagaing Region, during this year's monsoon crop season.

For the 2025-2026 monsoon season, Tantse Township had planned to cultivate 35,740 acres of peanuts. Planting began in May this year, and as of today, 29,338 acres have already been completed.

"This monsoon season, Tantse Township aimed to cultivate over 35,000 acres of peanuts. To date, more than 29,000 acres have been planted. Efforts are being made to ensure the target acreage is fully met. As an oil crop, the cultivation is progressing successfully, and peanut farming has been expanding year after year," said Zaw Myint Tun, the district agriculture officer of Ye-U.

In Tantse Township, peanut cultivation requires one and a half baskets of seeds per acre. The total cost, including seeds, labor, fertilizers, and pesticides, exceeds 200,000 kyat per acre. When cultivated properly, one acre can yield over 50 baskets of peanuts.

This year, to ensure successful peanut cultivation, prevent pest infestations, and eliminate weeds, field inspections and record-keeping are being conducted by staff from the township agriculture department.

206

Kalay District finishes harvest of summer paddy

Summer paddy being harvested with the use of machinery.

Kalay July 13

According to data of Kalay District Agriculture Department, local farmers have harvested all sown acreage of summer paddy in Kalay District of Sagaing Region this summer.

In Kalay District, during this year's summer crop season, a total of 3,919 acres of summer paddy were cultivated. Harvesting of these paddy fields began in May and, as of today, all 3,919 acres have been completely harvested—347 acres in Kalay Township and 3,572 acres in Mingin Township. The average yield was 85.08 baskets per acre.

"This year, Kalay District cultivated only 3,919 acres of summer paddy during the summer crop season. At present, 100 per cent of the planted acreage has been fully harvested. Cultivation exceeded the initial projected area. Farmers were provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and advice to ensure timely storage of harvested paddy under shelter," said U Aung, Head of the Kalay District Department of Agriculture.

To increase the yield per acre and achieve the target output, good-quality seeds were distributed to summer paddy farmers in Kalay District. Additionally, brochures on farming techniques were distributed, farmer training and awareness sessions were conducted, and necessary inputs were provided in a timely manner.

It is also noted that large-scale farmers were encouraged to coordinate with the Department of Agriculture to prepare in advance for the timely cultivation of summer paddy and other crops after harvesting monsoon paddy and monsoon crops. This includes adhering to pest and disease prevention guidelines issued by the department, carrying out soil nutrient replenishment activities, and stockpiling quality seeds ahead of time. 206

More than 15,000 acres of rain-fed green gram planted in Wetlet Township

Wetlet July 13

Statistics of Wetlet Township Department of Agriculture stated that local farmers have so far planted more than 15,000 acres of rain-fed green gram in Wetlet Township of Sagaing Region this year.

During the 2025-2026 monsoon crop season, it is planned to cultivate 38,525 acres of rain-fed green gram in Wetlet Township. Cultivation began in May this year, and as of today, 15,920 acres have already been planted.

"This monsoon crop season, we've planned to grow over 38,000 acres of rain-fed green gram in Wetlet Township. So far, over 15,000 acres have been cultivated. Efforts are ongoing to meet the targeted acreage. There have been awareness programs to encourage expansion of cultivation and the use of quality seeds to ensure good yields," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing green gram farmers with guidance on selecting high-quality and suitable seed varieties for the region, proper cultivation methods, pest prevention, systematic use of fertilizers, and practices to ensure good yields.

Additionally, during this year's monsoon crop season, farmers cultivating various types of pulses are being supported through collaboration with the agriculture department. This includes supplying quality seeds, essential inputs, and post-harvest technology to help improve both yield and quality of the pulse crops. 206

Naga Self-Administered Zone grows more than 1,000 acres of soya bean this year

Naga July 13

Local farmers planted more than 1,000 acres of soya bean in Naga Self-Administered Zone of Sagaing Region this year, according to the Regional Agriculture Department Office.

During the 2025-2026 monsoon crop season, it is planned to cultivate 1,258 acres of soya bean in the Naga Self-Administered Zone. Cultivation began in May this year, and as of today, a total of 1,069 acres of crops have been planted.

Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture, stated:

"This year, during the monsoon crop season, a total of 1,258 acres of soya bean are planned to be cultivated in the Naga Self-Administered Zone. So far, a total of 1,069 acres have been cultivated. Efforts are ongoing to fully achieve the target acreage. Educational activities will also be conducted to prevent pest outbreaks. Additionally, arrangements have been made to ensure that the necessary seeds are available and that farmers are made aware of them."

This year, Leshi Township planted 69 acres of soya bean, Summara 16 acres, Lahe Township 390 acres, Thangpakwe 115 acres, Nanyun Township 177 acres, Donhee 231 acres and Pansawng 71 acres, totalling 1,069 acres.

During this cultivation season, Leshi Township has planned to grow 311 acres of soya bean, Summara 11 acres, Lahe Township 349 acres, Thangpakwe 122 acres, Nanyun Township 142 acres, Donhee 252 acres and Pansawng 71 acres, totalling 1,258 acres.

In the Naga Self-Administered Zone, the respective township-level Agriculture Departments are providing educational support to farmers cultivating various types of pulses. This includes guidance on selecting high-quality and pure seeds suitable for the region, proper cultivation methods, pest prevention, systematic use of fertilizers, and improving yield.

During this year's monsoon crop season, efforts are being made in collaboration with farmers to ensure better yield and quality of pulse crops by supplying quality seeds, necessary agricultural inputs, and post-harvest techniques such as timely and effective storage methods. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Dabayin Township grows over 2,000 acres of rainfed sunflowers

Dabayin July 13

More than 2,000 acres of sunflowers have been planted in Dabayin Township, YeU District, Sagaing Region, during this year rain crops planting season, according to the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 5,163 acres of sunflowers have been planned to be planted in Dabayin Township, and planting has begun since June this year, and 2,290 acres have been planted to date.

"This year, Dabayin Township has planned to plant 5,000 acres of sunflowers during the rain crops planting season. More than 2,000 acres have been planted to date. We are working to meet the target acres. In order to reduce the amount of palm oil imported from abroad, we will expand the cultivation of sunflower, an oilseed crop. Sunflower, an oilseed crop, has more oil yield per acre than peanuts and sesame. Sunflower is only planted in the winter," said U Zaw Myint Htun, head of Department of Agriculture for YeU District. 206

A sunflower plantation in Dabayin Township.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

အမေရိကန်လေတပ်က မောင်းသူမဲ့လေယာဉ်စနစ်များကိုထိန်းချုပ်နိုင်ရန် F-22 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်မည်

အမေရိကန်လေတပ်သည် လေထဲတွင် မောင်းသူမဲ့လေယာဉ်စနစ်များကို ထိန်းချုပ်နိုင်ရန် F-22 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း၊ ၎င်းအဆင့်မြှင့်တင်မှုသည် Collaborative Combat Aircraft (CCA) ပရိုဂရမ်အောက်မှ ထွက်ပေါ်လာမည့် ဒရုန်းများနှင့် ပူးပေါင်းလုပ်ဆောင်မည့် ပထမဆုံးစစ်ဆင်ရေးသုံး တိုက်လေယာဉ်ဖြစ်လာရန် ဦးတည်နေပြီဖြစ်ကြောင်း The Next Gen Defense သတင်းဌာနမှ ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ်မှစ၍ F-22 တိုက်လေယာဉ်များတွင် တက်ဘလက်အခြေခံ ထိန်းချုပ်ရေးစနစ်များနှင့် အခြားလိုအပ်သောပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လေယာဉ်မှူးအခန်းတွင်းမှပင် ဒရုန်းများကို ထိန်းချုပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အဆင့်မြှင့်တင်မှုတွင် အမေရိကန်လေတပ်၏ F-22 တိုက်လေယာဉ် ၁၈၅ စီးမှ တိုက်ခိုက်ရေးသုံး (combat-coded) ၁၄၂ စီးပါဝင်မည်ဖြစ်ပြီး ရှေ့တန်းကျကျ တာဝန်များအတွက် ရည်ရွယ်ထားသော တိုက်လေယာဉ်များကို အဓိကထားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆင့်မြှင့်တင်ရေးကိရိယာတစ်ခုနိုင်မည်ဖြစ်သည်။ အဆင့်မြှင့်တင်မှုတွင် အမေရိကန်လေတပ်၏ F-22 တိုက်လေယာဉ် ၁၈၅ စီးမှ တိုက်ခိုက်ရေးသုံး (combat-coded) ၁၄၂ စီးပါဝင်မည်ဖြစ်ပြီး ရှေ့တန်းကျကျ တာဝန်များအတွက် ရည်ရွယ်ထားသော တိုက်လေယာဉ်များကို အဓိကထားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆင့်မြှင့်တင်ရေးကိရိယာတစ်ခု စီသည် ခန့်မှန်းခြေအားဖြင့် အမေရိကန် ဒေါ်လာ ၈၆၀၀၀ ကုန်ကျမည်ဖြစ်ပြီး၊ ၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ်အတွက် လေတပ်မှ တောင်းခံထားသော အမေရိကန်ဒေါ်လာ ၁၅ သန်းအနက်မှ Hardware ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများအတွက် အမေရိကန်ဒေါ်လာ ၁၂ ဒသမ၂ သန်းအသုံးပြုသွားမည်ဖြစ်သည်။ လေယာဉ်မှူးများသည် F-22 တိုက်လေယာဉ်များတွင် လက်ရှိအသုံးပြုနေသော Intra-Flight Data Link (Jamming ပြုလုပ်ရန် ခက်ခဲသော ဆက်သွယ်ရေးစနစ်)ဖြင့် ဒရုန်းအဖွဲ့များကို စီမံခန့်ခွဲကာ ရည်မှန်းချက်တာဝန်များ ပူးတွဲလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

Lockheed Martin ကုမ္ပဏီသည် F-22 နှင့် F-35 လေယာဉ်မှူးခန်းများအတွင်း တက်ဘလက်အခြေခံဒရုန်းထိန်းချုပ်မှုစနစ်ကို သရုပ်ပြထားပြီးဖြစ်သော်လည်း၊ တစ်ယောက်မောင်းတိုက်လေယာဉ်များတွင် လေယာဉ်မှူးအပေါ် လုပ်ငန်းဝန်ပိမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့် အမေရိကန်လေတပ်သည် ပိုမိုရိုးရှင်းသော သို့မဟုတ် ဉာဏ်ရည်တုနည်းပညာအကူအညီဖြင့် ထိန်းချုပ်စနစ်များ အသုံးပြုနိုင်ရန်အတွက်လည်း နည်းလမ်းရှာဖွေလျက်ရှိသည်။

F-22 တိုက်လေယာဉ်၏အခန်း ကဏ္ဍာသစ်သည် လေတပ်အတွက် CCA ပရိုဂရမ်အောက်ရှိ မောင်းသူပါ- မောင်းသူမဲ့ ပူးတွဲစစ်ဆင်ရေးများအပေါ် စမ်းသပ်ရန်နှင့် ပိုမိုကောင်းမွန်အောင် ပြုလုပ်သွားနိုင်ရန် ကနဦး ပလက်ဖောင်းတစ်ခုအဖြစ် အသုံးပြုနိုင်ခဲ့ကာ အနာဂတ်တိုက်ခိုက်ရေးနည်းဗျူဟာများနှင့် တိုက်လေယာဉ်အုပ်များတွင် ပေါင်းစပ်နိုင်မှုကိုပုံဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။ ဤစွမ်းရည်သည် တိုက်ခိုက်ရေးနှင့်ထောက်လှမ်းရေးမှသည် အီလက်ထရွန်နစ်စစ်ဆင်ရေးထိ လုပ်ဆောင်မှုအမျိုးမျိုးတွင် မောင်းသူပါလေယာဉ်များကို ဉာဏ်ရည်တုနည်းပညာသုံးဒရုန်းများနှင့် တွဲဖက်လုပ်ဆောင်စေမည့် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာနှင့် ကိုက်ညီလျက်ရှိသည်။ CCA ပရိုဂရမ်အောက်မှ ဒရုန်းအစင်း ၁၀၀၀ ကျော်သည် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ဝန်ဆောင်မှုပေးရန် မျှော်မှန်းထားပြီး F-35၊ B-21 Raider၊ Next Generation Air Dominance တိုက်လေယာဉ်များနှင့် အနာဂတ်ဝေဟင်ဆီဖြည့် လေယာဉ်များကဲ့သို့ မောင်းသူပါစနစ်များနှင့်အတူ ပူးတွဲတာဝန် ထမ်းဆောင်သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

F-22 Raptors Could Be First Combat Jets to Control Loyal Drone Wingmen ကို ဘာသာပြန်ဆိုထားပါသည်။

အီတလီကာကွယ်ရေးဝန်ကြီးဌာနက Railgun လက်နက်စနစ်အစီအစဉ်၏ ဒုတိယအဆင့်စတင်ရန် သဘောတူခွင့်ပြုခဲ့

အီတလီကာကွယ်ရေးဝန်ကြီးဌာနသည် မြေပြင်နှင့် အာကာသအသုံးပြုမှုနှစ်မျိုးစလုံးအတွက် ဟိုက်ပါဆောနစ်အလျင်နှုန်းဖြင့်ပစ်ခတ်နိုင်မည့် လျှပ်စစ်သံလိုက်လှိုင်း Railgun လက်နက်စနစ်ကိုတီထွင်ထုတ်လုပ်၊ အသုံးပြုနိုင်ရန် ရည်ရွယ်ထားပြီး ၎င်းအစီအစဉ်၏ ဒုတိယအဆင့်ကို စတင်ဆောင်ရွက်နိုင်ရန် သဘောတူခွင့်ပြုပေးခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဒုတိယအဆင့် စတင်မှုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် စတင်ခဲ့ပြီး ပထမအဆင့်ကို အောင်မြင်စွာပြုလုပ်ခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ ဒုတိယအဆင့်အတွက် စာချုပ်ကို အီတလီတပ်မတော်မှ ဗိုလ်ချုပ် အန်ဂျလို အတ်ဆိုရာတီက Kairospace ကုမ္ပဏီသို့ ယခင်က ပါဝင်ပတ်သက်မှုနှင့် နည်းပညာဆိုင်ရာအရည်အချင်းများကြောင့် တာဝန်ပေးအပ်ခဲ့သည်။ ၂၀၂၆ ခုနှစ် ရန်ပုံငွေယူရှိ ၈၉၆၇၀၀ ဖြစ်ကာ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ရေးဝန်ကြီးဌာနက ပံ့ပိုးပြီး ကျန် ၅၀ ရာခိုင်နှုန်းကို စာချုပ်ချုပ်ဆိုသူကုမ္ပဏီက ထည့်ဝင်ပေးရမည်ဖြစ်သည်။

အီတလီနိုင်ငံ နက်တူနိုမြို့ရှိ Ufficio Tecnico Territoriale Armamenti Terrestri မှ အုပ်ချုပ်ရေးအရစီမံခန့်ခွဲသည့် Herakles အစီအစဉ်ကို အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်။ ၂၀၂၃ ခုနှစ်တွင်ပြီးစီးခဲ့သည့် ပထမအဆင့်အတွက် အစိုးရရန်ပုံငွေယူရှိ ၃၁၇၂၀၀ သုံးစွဲခဲ့ပြီး စနစ်၏ လုပ်ငန်းဆောင်တာပုံစံနှင့် ကနဦးနည်းပညာအကဲဖြတ်မှုအပေါ် အာရုံစိုက်ခဲ့သည်။ ယခုစတင်သည့် ဒုတိယအဆင့်သည် စစ်ရေးအသုံးပြုမှုအတွက် သရုပ်ပြ Railgun လက်နက်စနစ်တစ်ခုကို ဖော်ထုတ်ရန်နှင့် အတည်ပြုရန် ရည်ရွယ်ထားသည်။ ဤအဆင့်တွင် စာချုပ်ချုပ်ဆို၍ တာဝန်ခံ အကောင်အထည်ဖော်နေသည့် ကုမ္ပဏီ၏ဝေစုအပါအဝင် စုစုပေါင်းတန်ဖိုးသည် ယူရို ၁ ဒသမ ၇၉ သန်းကျော်ထိရှိသည်။ သရုပ်ပြလက်နက်စနစ်ကို အီတလီတပ်မတော်နှင့်သက်ဆိုင်သော ဆန်းသစ်တီထွင်မှုပြပွဲများတွင် စမ်းသပ်ခြင်းနှင့် ပါဝင်ပြသခြင်းအတွက် ငါးနှစ်အသုံးပြုနိုင်မည်ဖြစ်သည်။ စက်ပစ္စည်းကိရိယာများ အပြင် ကုမ္ပဏီအနေဖြင့် လက်နက်စနစ်အတွက် လက်စွဲစာအုပ်များကဲ့သို့သော မှတ်တမ်းများပေးအပ်ခြင်း၊ အရည်အသွေး အာမခံစနစ်အကောင်အထည်ဖော်ခြင်းနှင့် အနာဂတ်လက်နက်စနစ်ထုတ်လုပ်မှုမှ ရရှိသောဝင်ငွေများအပေါ် အခြေခံ၍ မူပိုင်ခွင့်များဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာသွားရမည်ဖြစ်သည်။

နည်းပညာအရ Herakles Railgun လက်နက်စနစ်သည် ကမ်းခြေကာကွယ်ရေးနှင့် သံချပ်ကာတိုက်ဖျက်ရေးတာဝန်များအပါအဝင် အရွေ့စွမ်းအင်သုံးတိုက်ခိုက်အသုံးချမှုများအတွက် အရှိန်အလွန်မြန်သော ဟိုက်ပါဆောနစ်အလျင်နှုန်းဖြင့်သေးငယ်ပြီး အလယ်အလတ်အရွယ်အစားရှိ အထူးပြုလုပ်ထားသော ကျည်များကို ပစ်လွှတ်ရန် ရည်ရွယ်သည်။ ၎င်းကျည်များသည် ဓာတုဗေဒပစ္စည်းများဖြင့်ထိခိုက်မှု သို့မဟုတ် ထိတွေ့မှုမဖြစ်စေဘဲ လေ့ကျင့်မှု၊ အရည်အချင်းများနှင့် လက်နက်စမ်းသပ်မှုများအတွက် အဓိကအားဖြင့် ဒီဇိုင်းထုတ်ထားသော အထူးပြုခဲယမ်းများဖြစ်ကြသည်။

လက်နက်စနစ် တီထွင်ထုတ်လုပ်ရခြင်း၏ ဒုတိယရည်မှန်းချက်မှာ ကာကွယ်ရေးနှင့် အာကာသနယ်ပယ်နှစ်ခုလုံးတွင် အသုံးပြုနိုင်သည့် စွမ်းရည်ကိုဖော်ပြရန်အတွက် အသေးစားဂြိုဟ်တုများ၊ အလွန်သေးငယ်သောဂြိုဟ်တုများကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ ပစ်လွှတ်ရန်တူညီသော လျှပ်စစ်သံလိုက်တွန်းကန်အား နည်းပညာကို အဆင်ပြေစွာအသုံးချနိုင်စေရန်ဖြစ်သည်။ ဤသည်မှာ ကာကွယ်ရေးနှင့် အာကာသဆိုင်ရာအကြောင်းအရာနှစ်ခုလုံးတွင် ဖြစ်နိုင်ခြေရှိသောအသုံးချနိုင်မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

Breaking News: Italy begins development of Heraklesrailgun demonstrator for hypersonic strikes and orbital launches. ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၁၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၁၁၄ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၄၅၁၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၄၅၁၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးကွမ်းရှပ်ခြောက်ပိသာချိန် ၅၀၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ပင်လယ် ငါးကွမ်းရှပ်ခြောက်ကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိသာချိန် ၇၄၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအား ကောင်းနေပါတယ်။ လက်ရှိအရောင်းအဝယ် လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက နွေဘက်က ငါးခြောက်တွေဖြစ်ပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်တယ်''ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် အခြားငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွန်းရှပ်ခြောက် ၁၀ ပိသာလျှင် ဌေကျပ် ၃၀၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ဘားအံမြို့နယ် ကရင်ဖာလင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ ဇူလိုင် ၁၃

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကရင်ဖာလင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင် မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကရင်ဖာလင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မှုတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

သာစည်မြို့နယ် မုံပင်ဆုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

သာစည် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျွဲတပ်ဆုံကျေးရွာအုပ်စု မုံပင်ဆုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မုံပင်ဆုံကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

မုံပင်ဆုံကျေးရွာ၌ လမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၉ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လ တတိယပတ်မှစ၍ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ထျန်းကျင်းမြို့၌ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Shanghai Cooperation Organization)၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ်တက်ရောက်ရန် တရုတ်နိုင်ငံသို့ ဇူလိုင် ၉ ရက်မှ ၁၂ ရက်ထိသွားရောက်ခဲ့သည်။

အဆိုပါဖိုရမ်ကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်အတွင်းဝန်ကြီးအဆင့် တံခါးပိတ်အစည်းအဝေး၊ Open Forum နှင့် ခေါင်းစဉ်အလိုက် သီးခြားဆွေးနွေးမှုများအပြင် ထျန်းကျင်းတက္ကသိုလ်များမှ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချဆွေးနွေးမှုများလည်း ပါဝင်သည်။

ဇူလိုင် ၁၀ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ထျန်းကျင်းဧည့်ဂေဟာ၌ပြုလုပ်သည့် နိုင်ငံတကာမှဝန်ကြီးအဆင့် ကိုယ်စားလှယ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration ၏ ဝန်ကြီးဖြစ်သူ H.E. Liu Liehong က တည်ခင်းသည့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် SCO အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာဘက်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ရာတွင် ဒစ်ဂျစ်တယ်စီးပွားရေးအကောင်အထည်ဖော်ခြင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း ဆောင်ရွက်ရာတွင် ကောင်းမွန်သည်များရှိသကဲ့သို့ စိန်ခေါ်မှုများ လည်းရှိပါကြောင်း၊ စိန်ခေါ်မှုများကို နိုင်ငံတကာပူးပေါင်းဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းဆွေးနွေးပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးပါဝင်သော ကိုယ်စားလှယ်ဝန်ကြီးများသည် ထျန်းကျင်းမြို့နီစီပယ်အဖွဲ့အထွေထွေအတွင်းရေးမှူး၊ ထျန်းကျင်းမြို့တော်ဝန်တို့နှင့် ညစာစားပွဲမတိုင်မီ သီးသန့်ဧည့်ခန်းမဆောင်၌ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဖိုရမ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် Renaissance Tianjin Lakeview ဟိုတယ်၌ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် H.E. Ding Xuexiang၊ National Data Administration ၏ ဝန်ကြီး၊ ထျန်းကျင်းမြို့နီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်းမြို့တော်ဝန်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ထို့အတူ ဖိုရမ်ဖွင့်ပွဲ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ဒစ်ဂျစ်တယ်စီးပွားရေးသည် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နေထိုင်မှုပုံစံများကိုများစွာပြောင်းလဲပေးနေသည့် စွမ်းအားတစ်ခုဖြစ်လာကြောင်း၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အသက်သွေးကြောဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးသည် မြန်မာနိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ခိုင်မှုရှိစေနိုင်သည့် ဗျူဟာမြောက်အင်အားအဖြစ်ရှုမြင်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူ၊ ပြည်သားများအတွက် အကျိုးရှိစေမည့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ဒစ်ဂျစ်တယ်စီးပွားရေးကိုတည်ဆောက်မြှင့်တင်သွားရန် ဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများသည် နိုင်ငံနယ်နိမိတ်များကို လိုက်နာခြင်းမရှိသည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၏ စိန်ခေါ်မှုများကိုဖြေရှင်းသည့် အခါ နိုင်ငံတကာပူးပေါင်းမှုလိုအပ်ပါကြောင်း၊ SCO အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များကို မျှဝေပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတွင် သာမက ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်အားလုံးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ကြံ့ခိုင်မှုပြည့်ဝသော ဒစ်ဂျစ်တယ်အနာဂတ်ကို တည်ဆောက်ရာတွင် လက်တွဲပူးပေါင်းကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများက ၎င်းတို့၏ နိုင်ငံအသီးသီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေသည့်အခြေအနေကို ဆွေးနွေးတင်ပြကြသည်။

ယခုနှစ်ဖိုရမ်သို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ဦးရေ ၆၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration နှင့် ထျန်းကျင်းပြည်နယ်အစိုးရတို့၏အစီအစဉ်ဖြင့် ဇူလိုင် ၉ ရက်တွင် ထျန်းကျင်းဆိပ်ကမ်းရှိ Smart Zero-Carbon container terminal နှင့် Binhaiမြို့သစ်စီမံကိန်း ပြတိုက်များသို့ လည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင် ထျန်းကျင်းမြို့ပြစီမံကိန်းပြခန်းသို့လည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် G7 Connect ကုမ္ပဏီသို့ လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် Fit Testing Technology သို့လည်းကောင်း သွားရောက်၍ artificial intelligence, big data နှင့် IoTနည်းပညာအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာများကို နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးပြုနေမှုကို သွားရောက်လေ့လာခဲ့ကြသည်။

ဖိုရမ်အပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထျန်းကျင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့်စီမံခန့်ခွဲသူများအနေဖြင့် ချေးငွေဆုံးရှုံးနိုင်ခြေနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို ကောင်းစွာသိရှိပြီး တာဝန်ရှိမှု၊ တာဝန်ခံမှုရှိရမည်

နေပြည်တော် ဇူလိုင် ၁၃

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ဗဟိုဘဏ်ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အရာထမ်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့်စီမံခန့်ခွဲသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်များအားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်များ၊နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ တိကျစွာလိုက်နာသွားရန် လိုအပ်ကြောင်း၊ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့်စီမံခန့်ခွဲသူများအနေဖြင့် ချေးငွေဆုံးရှုံးနိုင်ခြေ(Credit Risk)နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေ(Operational Risk)များကို ကောင်းစွာသိရှိပြီး တာဝန်ရှိမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ထိရောက်စွာစီမံခန့်ခွဲရန် လိုအပ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် Basel ကော်မတီမှ ထပ်မံဖြည့်စွက်ချက်များကို ပြင်ဆင်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် ဆွေးနွေးချက်ရလဒ်များအပေါ် မူတည်၍ မိမိဘဏ်နှင့်ကိုက်ညီသည့် ဆုံးရှုံးနိုင်ခြေမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက်ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ညွှန်ကြားရေးမှူးများက ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေမူဘောင်များ၊ ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်ပါ Credit Riskနှင့် Operational Risk Managementဆိုင်ရာစံသတ်မှတ်ချက်များ၊ ယခုနှစ်တွင် Basel ကော်မတီမှ Credit Risk Managementနှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲထုတ်ပြန်ရသည့်အကြောင်းအရင်းများနှင့် ပြင်ဆင်ဖြည့်စွက်ထားသည့် အချက်များ၊ဗဟိုဘဏ်ကထုတ်ပြန်ထားသည့် Risk Management Guidelineတွင် Credit Riskကို Basel ကော်မတီသတ်မှတ်ချက်နှင့် အညီ ပြင်ဆင်ဖြည့်စွက်သွားမည့်အချက်များ၊ ဗဟိုဘဏ်မှ Onsiteကြီးကြပ်စစ်ဆေးရာတွင် တွေ့ရှိချက်များ၊Risk Managementလုပ်ငန်းစဉ်များနှင့် Offsite ကြီးကြပ်စစ်ဆေးရာတွင် တွေ့ရှိချက်များ၊ဘဏ်များက ဖြည့်စွက်ပြင်ဆင်ပြောင်းလဲရန်လိုအပ်သည့်အချက်များ၊ Fraud Risk, AML, Complianceနှင့်စပ်လျဉ်း၍ Case Studyများဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့်မရှင်းလင်းသည့်အချက်များမေးမြန်းကြပြီး တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုသင်တန်းကျောင်း၊ အရည်အသွေးထိန်းသိမ်းရေးသုတေသနဌာန သုံးခုနှင့် ဆွာချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃီန်းကျွန်းမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်းသို့ရောက်ရှိပြီး မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ(၂၀၂၅) (MNBC-2025)ကိုအသုံးချနိုင်ရေး သင်ကြားမျှဝေပေးရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ကို ထားရှိပြီးဖြစ်သော်လည်း တိုးတက်မြင့်မားလာသောနည်းပညာသတင်းအချက်အလက်များကို မျက်ခြည်မပြတ်စေဘဲ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် လေ့လာနိုင်ရန် E-Library အဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ရန်တို့ကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗဟိုသင်တန်းကျောင်းအတွင်း ဖွင့်လှစ်ထားသည့် စာကြည့်တိုက်အတွင်း Library Management System နှင့် e-Book Management System များ အသုံးပြု၍ စာအုပ်စာတမ်းများစီမံခန့်ခွဲခြင်း၊ထိန်းသိမ်းထားသိုခြင်းနှင့် ဌားရမ်းမှုဆိုင်ရာစီမံခန့်ခွဲခြင်း၊ e-Book များကို လွယ်ကူစွာဖတ်ရှုနိုင်ရန်စီမံထားရှိမှု၊ သင်တန်းသား၊သင်တန်းသူများ၏ နေထိုင်စားသောက်ရေးအတွက်ဆောင်ရွက်ထားသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လမ်းဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေး သုတေသနဌာနခွဲသို့ သွားရောက်၍ လမ်းဒီဇိုင်းပုံစံများတွက်ချက်ရေးဆွဲနိုင်ရန် မြေသားဓာတ်ခွဲစမ်းသပ်ခြင်းနှင့်လမ်းတည်ဆောက်ရာတွင် အသုံးပြုသည့် ကတ္တရာအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ လက်တွေ့ပြုလုပ်ခြင်းများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍တံတားဦးစီးဌာန၏အရည်အသွေးထိန်းသိမ်းရေးသုတေသနဌာနခွဲသို့ သွားရောက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်နေမှုအခြေအနေ၊ ဘိုးပိုင်များဆောင်ရွက်ရာတွင် ကြုံခိုင်မှုစစ်ဆေးသည့် ကိရိယာများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို လည်းကောင်း၊ အဆောက်အအုံဦးစီးဌာန၏သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲသို့ သွားရောက်၍တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်သံချောင်း၊ဘိလပ်မြေ၊အုတ်၊သဲနှင့်ကျောက်များ အရည်အသွေးစစ်ဆေးစမ်းသပ်သည့် အခြေအနေများကို လည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-နေပြည်တော်လမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့်အခြေအနေများကို စစ်ဆေး၍ မိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတားသို့ရောက်ရှိရာ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တံတားတစ်စင်းကို ပြန်လည်တည်ဆောက်နေသည့်အခြေအနေ၊ ကျန်ရှိသည့် တံတားတစ်စင်းမှ လတ်တလောယာဉ်များသွားလာနိုင်ရန်အတွက် နှစ်လွှာတစ်ထပ် ဘေလီတံတားထိုး၍ မော်တော်ယာဉ်များသွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆွာချောင်းတံတားသည် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်၍ အသစ်ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သော ဒီဇိုင်းဖြင့် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မျိုးရွေးချယ်ခြင်းအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ညနေပိုင်းက ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂီဟလမ်းမကြီးနှင့် မြတ်လေးလမ်းသို့သွားရောက်ပြီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ နိုင်လွန်ကတ္တရာလမ်း AC ခင်းကျင်းနေမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊လုပ်ငန်းသုံးကျောက်များသတ်မှတ်အရွယ်အစားအတိုင်းအသုံးပြုရေးတို့ကိုမှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ ယာယီရေတားတမံတည်ဆောက်ထားရှိပြီး ရေထုတ်ပြွန်ပြန်လည်ပြင်ဆင်နေမှုအခြေအနေများ၊ ရေပိုလွှဲဆောင်ရွက်ထားရှိမှုနှင့် ရေလွှဲမြောင်းဖောက်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် လယ်ဝေးမြို့နယ် ကြို့တန်း-ညိုပင်-ကွေ့ကြီးကျေးရွာ ချင်းဆက်လမ်း၌ နေပြည်တော်ကောင်စီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပိတောက်ပင်ကိုဦးဆောင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် တမာ၊ ပိတောက်၊ ကုက္ကို၊ မန်ကျည်းစုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ညိုပင်ကျေးရွာအဝင်လမ်းပြုပြင်ရန်အတွက် မတည်ရန်ပုံငွေများ ပေးအပ်သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ကွင်းအမှတ်(၁၆၅၉) တောင်သူဦးမျိုးနိုင်ဦး၏ လယ်ယာမြေတွင်ကျင်းပသည့်တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများမျိုးရွေးချယ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊မျိုး၊မြေ၊ရေ၊နည်းနည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ တောင်သူများကိုယ်တိုင် သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရေးတို့ကိုမှာကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနကစိုက်ပျိုးထားသည့် မျိုးစပါးစမ်းသပ်စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် အင်ကြင်းပန်းအဝိုင်းအနီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု၊ ရာဇသင်္ဂီဟလမ်းနှင့် ရာဇဌာနီလမ်းများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း AC ခင်းကျင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

စည်းကမ်းနှင့် ညီညွတ်မှု

ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင်၊ လွတ်လပ်ရေးရနိုင်လောက်တဲ့စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်

အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၁၃

ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမား များစွာပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးရှိတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်ထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးခုခွဲ၍ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပလျက်ရှိပြီး ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)၏ အုပ်စုပတ်လည်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ဆက်လက်ကျင်းပရာ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ယှဉ်ပြိုင်ကစားစဉ် ပွဲကစားချိန် ၂၄ မိနစ်၌ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၉) ခွန်ဟိန်းသူအောင်က ပထမဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး မကွေးတိုင်းဒေသကြီးအသင်းကလည်း ပြန်လည်ချေပဂိုးရရှိရေးအတွက် အသင်းနှစ်သင်းသည် ပွဲစဉ်တစ်လျှောက်အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကာ ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအပါအဝင် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ် ၂၀၀၀ ခန့် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့သည်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းတို့သည်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဖွံ့ကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့သည်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)၌ သတ္တုသန့်စင်ခြင်းတို့ဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်းများနှင့် နည်းပညာပံ့ပိုးပေးသည့်ဝန်ဆောင်မှုများ ဆောင်ရွက်နေ

နေပြည်တော် ဇူလိုင် ၁၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသက်နီးကပ်လှူသည့် ရွှေစင်ပြားများ၏ အရည်အသွေးကို တိုင်းတာစစ်ဆေးခြင်း၊ Electric Vehicle(EV) သုံးဘက်ထရီဆိုင်ရာ ဒြပ်ပေါင်းများ စမ်းသပ်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ဘက်ထရီများ စီမံခန့်ခွဲခြင်း၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများမှ အဖိုးတန်အသုံးဝင်သောသတ္တုများ စမ်းသပ်ထုတ်လုပ်ခြင်း၊ သတ္တုရိုင်းသိုက်များတွင် သတ္တုပါဝင်မှုမြှင့်တင်ပေးခြင်းနှင့် သတ္တုသန့်စင်ခြင်းတို့ ဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်းများနှင့် နည်းပညာပံ့ပိုးပေးသည့် ဝန်ဆောင်မှုများဆောင်ရွက်နေမှုကို ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့်ရာပြည့်သဘင်တွင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သည့်ခေတ်မီနောက်ဆုံးပေါ် EV ဘက်ထရီအမျိုးအစား သုတေသနပြုစမ်းသပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အလေးထားလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အမှန်တကယ်အကျိုးပြုမည့် နည်းပညာသုတေသနများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်တင်ပြမှုများ အပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို သုတေသနဂုဏ်ပြုဆုများ၊ လုပ်သက်ရင့် သက်ကြီး

ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ဧလသတ္တုဗေဒဌာနရှိ EV ဘက်ထရီဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အဂ္ဂိသတ္တုဗေဒဌာနစုရှိ သုတေသနလုပ်ငန်းများ၊ သံ၊ သံမဏိနှင့် သတ္တုစပ်ထုတ်လုပ်ရေးဌာနရှိ Ferro Manganese Alloy ထုတ်လုပ်ခြင်း၊ ဆိုလာပြားထုတ်လုပ်ရေးအထောက်အကူပြု အရည်အသွေးမြင့် ဆီလီကွန်သတ္တု (Metallurgical Grade Silicon) စမ်းသပ်ထုတ်လုပ်ခြင်းနှင့် Ferro Silicon စမ်းသပ်ထုတ်လုပ်ခြင်းသုတေသနလုပ်ငန်းများ၊ တွင်းထွက်ဗေဒဌာနရှိ သတ္တုရိုင်းများ ရှာဖွေမှုဆိုင်ရာသုတေသနပြုခြင်း စသည့်လုပ်ငန်းများမှ သုတေသနပြုရလဒ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ငလျင်သင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၃

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနလင်္ဓာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ရှေ့ဖုံးမှအဆက်

အစားအစာ ထုတ်လုပ်ရောင်းချသူများ၊ ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ၊ ဂီတနှင့်အနုပညာရှင်များ၊ ဇည့်လမ်းညွှန်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် မီဒီယာများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၁ ရက်တွင် ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ စက်မှု၊ ကုန်သွယ်ရေးနှင့် စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တက်ရောက်အမှာစကားပြောကြားကာ ပြပွဲကိုဖွင့်လှစ်ပေးခဲ့ပြီး နိုဗိုစီဗစ်ဒေသရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနောင်းနောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ထို့ပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် သင်တန်းသားများနှင့် မြန်မာမိသားစုများက အစားအစာပြင်ဆင်ချက်ပြုတ်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေခြင်းတို့တွင် ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးကြသည်။

မြန်မာခရီးသွားပြခန်းတွင် မြန်မာ့ရိုးရာအစားအစာများဖြစ်သော မုန့်ဟင်းခါး၊ လက်ဖက်၊ မြန်မာဝိုင် စသည်တို့ကို နမူနာပြင်ဆင်ချက်ပြုတ်ပြသကာ ပြခန်းသို့လာရောက်သူများကို ဇည့်ခံကျွေးမွေးခြင်း၊ မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများအကြောင်း ရှင်းလင်းမိတ်ဆက်ပြောကြားခြင်းနှင့် ရုရှား–မြန်မာနှစ်နိုင်ငံမှ ဟိုတယ်၊ ခရီးသွားနှင့် အစားအသောက်လုပ်ငန်း ဆောင်ရွက်သူများ အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရန် ချိတ်ဆက်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့ပြင် မြန်မာ့ရှေးခေတ်စစ်သူကြီး ဝတ်စုံများ၊ မှုးမတ်ဝတ်စုံများ၊ သူဌေးတော်ဝတ်စုံများဖြင့် တွဲဖက်ကာဓာတ်ပုံရိုက်ခြင်း၊ မြန်မာ့ရုပ်သေးအက၊ မြန်မာ့ရိုးရာစောင်း၊ ဦးရွှေရိုး ဒေါ်မိုးအကတို့ဖြင့် ဖျော်ဖြေခြင်းတို့ကို ဆောင်ရွက်ရာ ပြခန်းသို့လာရောက်သူများ အထူးစိတ်ဝင်စားကြကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာများနှင့် မြန်မာနိုင်ငံ၏အထင်ကရခရီးစဉ်ဒေသများအကြောင်းကို ပြပွဲသို့လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ရာ ရုရှားခရီးသွားဈေးကွက် မြှင့်တင်နိုင်ရန်အတွက် အထောက်အကူဖြစ်စေသည့် အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ဧရာဝတီမြစ်ရေမှအဆက်

ထို့အတူ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

အလားတူ ယနေ့ည ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်နှင့် ဆိပ်သာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက ရေဘေးလွတ်ရာနေရာများသို့ အချိန်မီရှောင်ရှားနိုင်ရန်နှင့် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း၊ လျှုဒါန်းခြင်းတို့ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်း ဆက်သွယ်လှုဒါန်းခြင်းတို့ကို (www.myanmarearthquake.gov.mm) တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ၇၈ နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကို ဗဟာန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးစီးသည်ထိ အနောက်ရွှေဂုံတိုင်လမ်းကို ရေတာရှည်လမ်းဟောင်းမှ လည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ–ရွှေဂုံလမ်းဆုံမှ လည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ–ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ညနေ ၆ နာရီထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ညနေ ၆ နာရီထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှ လည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်၊ လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်တွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရှောင်ဆိုင်းခွင့်ရသူများ

ရှောင်ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရှောင်ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(c) မှုးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှောင်ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(c) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရှောင်ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

စစ်တွေ ဇူလိုင် ၁၃

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ အခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို စစ်တွေမြို့ ဧည့်ဝတီအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယမန်နေ့ ညနေပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ဆရာ၊ဆရာမများ၊အားကစားအသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစား ဝါသနာရှင်များနှင့်အတူ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ အုပ်စု(က) ပွဲစဉ်အဖြစ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

ပွဲကစားချိန်ပြီးဆုံးပြီးနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက နှစ်ဖက်အားကစားသမားများနှင့် ဆေးဘက်ဆိုင်ရာတွင် ဝိုင်းဝန်းကူညီပေးကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ချီးမြှင့်ပေးအပ်သည်။

ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ ၂၄ ရက်ထိ စစ်တွေမြို့ ဧည့်ဝတီအားကစားကွင်း၌ အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့က အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

တြိုဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိုဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးဝေကာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂ ဂရမ်) ၏ ဈေးနှုန်း ၅၈၉၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

☆ **ကျောဖုံးမှအဆက်**

Open ကနူးတစ်ယောက်လျော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းက ပထမ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Open ကနူး နှစ်ယောက်လျော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ကျော်ဇေယျနှင့် သန့်ဇင်ဦးတို့က ပထမ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Open ကနူးလေးယောက်လျော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ကျော်ဇေယျ၊ မျိုးလှိုင်ဝင်း၊ သန့်ဇင်ဦးနှင့် ထွဋ်ခေါင်ဇော်တို့က ပထမ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Open ကနူးလေးယောက်လျော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ခင်ဇော်လွင်၊ ဇေယျာထွန်း၊ ထွန်းမင်းသန့်နှင့် ဟိန်းကိုကိုတို့က တတိယ ကြေးတံဆိပ်ဆုတို့ကို အသီးသီး ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်း ၁၅ ခု ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နိုင်ငံခြောက်နိုင်ငံမှ အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ သြစတြေးလျ၊ တရုတ်(တိုင်ပေ)၊ မလေးရှားနှင့် ဟန်ဂေရီတို့ဖြစ်ကြပြီး အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **STA**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy နှစ်စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.comသို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၆၁၁၇ နှင့် ဦးလင်းဝေအောင် ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၃၁၈၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format JPG A3 (297 x 420 mm) with the correct aspect ratio၊

(၂) Resolution 300 dpi ၊

(၃) File Size 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။

(၄) ပိုစတာရေးဆွဲရာတွင် tabletများ၊stylusများ၊ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy နှစ်စုံနှင့် Soft Copy CD တစ်ချပ်ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင်အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၁၉၄၁၁ နှင့် ဒေါ်နန်းရတနာထွန်း ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၅၁၂၃၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) File Submission Format JPG၊ A3 (297x420 mm) with correct aspect ratio၊

(၂) Resolution 300 dpi။

(၃) File Size 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD)နှစ်ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mailဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mmတို့တွင် အခမဲ့Downloadရယူနိုင်ပြီး ဒေါ်ခင်မိုးဥ ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ၀၉-၅၁၀၆၈၅၁ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၀၀၄၀၅၁၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format mp4 ၊

(၂) Resolution 3840 x 2160 p ထက် မပိုစေရ၊

(၃) File Size 300 Mb ထက် မပိုစေရ၊

(၄) Duration 120 Seconds ထက် မပိုစေရ၊

(၅) Sound 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ရှင်းလင်းချက်စာသား(ပိုစတာများနှင့်ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရုရှားဘာသာသို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့်ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့်ဗီဒီယို ၁၀ ခုစီကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI)နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလုနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

ရောဂါလက္ခဏာများ

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဗျိုအန်ခြင်း၊ ဝိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ရာအိုင်ဝိုင်းပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

ကာကွယ်နိုင်မည့်နည်းလမ်းများ

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀) ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

ရောဂါလက္ခဏာများမှာ-

အရည်ဝမ်းများစွာသွားခြင်း၊ ငါးညီနံ့နံ့သော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုခံယူလျှင် လျှင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၈၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ဝ၅ဝ၅ဝ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်စားသောက်ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄ဝ၀ဝ၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၁၈၀ တန်၊ သစ်မာ ၁ ဒသမ ၁၈၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဖ၀၇ဖ၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးနှင့် ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဝ၈၅၁၁ဝ၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace Light Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Foton Light Truck တစ်စီး၊ စက်မှုဇုန်ထုတ် KO Light Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ဖ၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ဖ၈၅၁၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့အမှတ်(၆)ရပ်ကွက် ဘိုကလေး (၄)လမ်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝ၆ဝ၀ဝ၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ်၂၇၇၇၃၄၄၅၂ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းများကြောင့်ၦင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(စျ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

ခေတ်သစ်စစ်ပွဲတွင်အရေးပါလာသော နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များ အပိုင်း(၃)

အာရှဒေသတွင် C-390 Millennium လေယာဉ်ကိုစိတ်ဝင်စားမှုမြင့်တက်လာလျက်ရှိသည်။ အထူးသဖြင့် အဆိုပါဒေသရှိနိုင်ငံများသည် ၎င်းတို့တပ်မတော်များကို ခေတ်မီအဆင့်မြှင့်တင်မှုနှင့် နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေကြောင်းစွမ်းဆောင်ရည်တိုးချဲ့မှုများ ဆက်လက်လုပ်ဆောင်နေသောကြောင့်ပင်ဖြစ်သည်။ တောင်ကိုရီးယားကာကွယ်ရေးပစ္စည်းဝယ်ယူမှု အစီအစဉ်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့(DAPA)က C-390 Millennium သည် အကြီးစားသယ်ယူပို့ဆောင်ရေးလေယာဉ်ဝယ်ယူရေးတင်ဒါကိုအောင်မြင်ခဲ့ကြောင်း ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တောင်ကိုရီးယားလေတပ်(ROKAF) သည် C-390 Millennium လေယာဉ်ဝယ်ယူသည့်ပထမဆုံးသော အာရှနိုင်ငံဖြစ်လာခဲ့သည်။

လက်မှတ်ရေးထိုးထားသောကန်ထရိုက်စာချုပ်အရ Embraer ကုမ္ပဏီသည် တောင်ကိုရီးယားလေတပ်၏လိုအပ်ချက်များနှင့်အညီ C-390 Millennium လေယာဉ်များကို တည်ဆောက်ပေးသွားမည်ဖြစ်သည့်အပြင် ဝန်ဆောင်မှုများနှင့် လေ့ကျင့်မှု၊ မြေပြင်အထောက်အကူပြုပစ္စည်းနှင့် အုပိုပစ္စည်းများလည်းပါရှိမည်ဖြစ်သည်။ မော်ရိုကိုနိုင်ငံသည် ၎င်း၏သက်တမ်းရင့် C-130 Hercules များနေရာတွင် အစားထိုးရန် C-390 Millennium လေယာဉ်အသစ်ခြောက်စင်း ဝယ်ယူသွားမည်ဖြစ်သည်။

အလားတူ အင်ဒိုနီးရှားလေတပ်ဖွဲ့ကလည်း C-390 Millennium လေယာဉ်ဝယ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် စစ်ဘက်နှင့် လူသားချင်းစာနာထောက်ထားမှု မစ်ရှင်များကို အထောက်အကူပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန် Embraer ကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းစုများပေါများသောကြောင့် ပြေးလမ်းတိုနှင့် ကြမ်းတမ်းသောလေယာဉ်ကွင်းများတွင် ပျံသန်းဆင်းသက်နိုင်သော C-390 Millennium လေယာဉ်၏စွမ်းဆောင်ရည်သည် ဝေးကွာသောကျွန်းစုများသို့တပ်ဖွဲ့များနှင့် အုပ်ချုပ်ထောက်ပံ့ပစ္စည်းများ လျင်မြန်စွာပေးပို့နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့်လည်း C-390 Millennium ၏စွမ်းဆောင်ရည်များမှ အကျိုးကျေးဇူးရရှိနိုင်သည့် အာရှနိုင်ငံတစ်နိုင်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်းလေယာဉ် ဝယ်ယူရန်ဆုံးဖြတ်ချက်မချမှတ်ရသေးသော်လည်း ၎င်း၏ C-130Jလေယာဉ်အုပ်၌ စွမ်းဆောင်ရည်ဖြည့်ဆည်းရန် စိတ်အားထက်သန်လျက်ရှိသည်။ C-390 Millennium လေယာဉ်သည် အိန္ဒိယလေတပ်ကို အလယ်အလတ်အဆင့်ရှိ နည်းဗျူဟာမြောက် လေကြောင်းမစ်ရှင်များအတွက် ခေတ်မီပြီးတွက် ခြေကိုက်သည့်အဖြေတစ်ရပ်ကို ထောက်ပံ့ပေးနိုင်သည်။ အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံကဲ့သို့သောနိုင်ငံများနှင့် ကာကွယ်ရေးမိတ်ဖက်ဆက်ဆံမှု တိုးတက်လာသောကြောင့် C-390 Millennium လေယာဉ်သည် အနာဂတ်တွင် ရွေးချယ်ရန် အခွင့်အလမ်းတစ်ခုဖြစ်လာနိုင်သည်။

မလေးရှား၊ ထိုင်း၊ ဗီယက်နမ် ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများသည် သယ်ယူပို့ဆောင်ရေးလေယာဉ်အုပ်များကိုခေတ်မီအဆင့်မြှင့်တင်ရန် စူးစမ်းလေ့လာလျက်ရှိသည်။ အထူးသဖြင့် မလေးရှားနိုင်ငံသည် ၎င်း၏လေကြောင်းသယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန်အပြင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ငြိမ်းချမ်းမှုမစ်ရှင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်သွားရန် စိတ်အားထက်သန်လျက်ရှိသည်။ C-390 Millennium လေယာဉ်၏ကုန်စည်သယ်ဆောင်နိုင်မှုနှင့် ပျံသန်းနိုင်မှုအကွာအဝေးတို့သည် အဆိုပါမစ်ရှင်များအတွက် သင့်လျော်မှုရှိနေသည်။

Embraer C-390 Millennium လေယာဉ်သည် ဆက်လက်ပြောင်းလဲတိုးတက်လျက်ရှိပြီး အထူးသဖြင့် လေယာဉ်၏ တာဝန်ထမ်းဆောင်နိုင်မှုနှင့်စွယ်စုံအသုံးပြုနိုင်မှုတို့ကိုမြှင့်တင်လျက်ရှိသည်။ အထူးခြားဆုံးတိုးတက်မှုသည် ဝေဟင်ဌာဆီဖြည့်နိုင်သည့် KC-390 မူကွဲကို တည်ဆောက်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတကာ၌ KC-390 Millennium လေယာဉ်ကို ဘက်စုံသုံးဆီဖြည့်လေယာဉ်(MRTT)အဖြစ် စိတ်ဝင်စားလျက်ရှိပြီး သယ်ယူပို့ဆောင်ရေးနှင့် ဝေဟင်ဆီဖြည့်လေယာဉ်အဖြစ် အသုံးပြုနိုင်သည်။

C295 လေယာဉ်

အဲဘတ်စ် C295 လေယာဉ်သည် ဘက်စုံသုံးတာလတ်သွား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်ပြီး ကမ္ဘာ့တစ်ဝန်းရှိလေတပ်များက ၎င်းလေယာဉ်ကို ရွေးချယ်ဝယ်ယူလျက်ရှိသည်။ အဲဘတ်စ်ကာကွယ်ရေးနှင့် အာကာသကုမ္ပဏီက

C295 လေယာဉ်ကို တွေ့ရစဉ်။

တည်ဆောက်ထားသော ၎င်းလေယာဉ်သည် ကာလရှည်ကြာအောင်မြင်မှုရရှိထားပြီး CN-335 လေယာဉ်ကို အမွေဆက်ခံတည်ဆောက်ထားခြင်းဖြစ်သည်။ C295 လေယာဉ်ကိုတပ်ဖွဲ့နှင့် ကုန်စည်များပို့ဆောင်ခြင်း၊ ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်ခြင်း၊ ပင်လယ်ရေကြောင်းကင်းလှည့်ခြင်းနှင့် ထောက်လှမ်း၊စောင့်ကြည့်၊ ကင်းထောက်(ISR)ခြင်းတို့အပါအဝင် နည်းဗျူဟာမြောက်သယ်ယူပို့ဆောင်ရေးတာဝန်ထမ်းများထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိသည်။ ၎င်းလေယာဉ်၏ကြံ့ကြံ့ခံနိုင်မှု၊ လိုက်လျောညီထွေရှိမှုနှင့် ကုန်ကျစရိတ်တွက်ခြေကိုက်ခြင်းတို့သည် သယ်ယူပို့ဆောင်ရေးလေကြောင်း စွမ်းဆောင်ရည်များမြှင့်တင်နေသည့် အာရှကဲ့သို့သောဒေသများတွင် လူကြိုက်များလျက်ရှိသည်။

အဲဘတ်စ် C295 လေယာဉ်ကို Pratt & Whitney Canada PW127G တာဘိုအင်ဂျင် နှစ်လုံးတပ်ဆင်ထားသောကြောင့် တစ်နာရီလျှင် ကီလိုမီတာ ၄၈၀ နှုန်းဖြင့် ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်းလေယာဉ်ကို ကြမ်းတမ်းသည့်ပြေးလမ်းတိုလေယာဉ်ကွင်းများ၌ဆင်းသက်နိုင်ခြင်းအပါအဝင် စိန်ခေါ်မှုရှိသည့် အခြေအနေများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိသည်။ တောင်ပံအလျား ၂၅ ဒသမ ၈၁ မီတာရှိသည့် C295 လေယာဉ်သည် နည်းဗျူဟာမြောက်မစ်ရှင်များထမ်းဆောင်နိုင်ရန် ကျစ်လျစ်ပေါ့ပါးပြီးကုန်စည်များကိုလည်း အလုံအလောက် သယ်ဆောင်နိုင်သည်။

ပျံသန်းနိုင်မှုအကွာအဝေးအပိုင်း၌ C295 လေယာဉ်သည် သတ်မှတ်ဝန်စည်စလယ်များသယ်ဆောင်ကာ ကီလိုမီတာ ၂၃၀၀ ခန့် ပျံသန်းနိုင်သောကြောင့် တာတိုနှင့်တာလတ်အကွာအဝေးရှိ နည်းဗျူဟာမြောက် မစ်ရှင်များထမ်းဆောင်ရန် သင့်လျော်မှုရှိနေသည်။ လောင်စာဆီကန်အပိုတပ်ဆင်ထားပြီး ကုန်စည်မပါဘဲ ပျံသန်းမည်ဆိုလျှင် ကီလိုမီတာ ၅၆၃၀ ထိပျံသန်းနိုင်သောကြောင့် နိုင်ငံတကာတပ်ဖြန့်မှုအပါအဝင် ပိုမိုဝေးကွာသောတာဝန်များ ထမ်းဆောင်မှုကို အထောက်အကူပြုနိုင်သည်။

C295 လေယာဉ်သည် စစ်ဘက်ယာဉ်များ၊ အခြားသောအသုံးအဆောင်များအပါအဝင် ကုန်စည် ကီလို၇၅၀ ထိ သယ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ပြင် တပ်ဖွဲ့များထိရောက်စွာသယ်ပို့နိုင်ရန်အတွက်လည်း ဒီဇိုင်းရေးဆွဲထားရှိသည်။ ၎င်းလေယာဉ်သည် စစ်သည် ၇၁ ဦးထိ သယ်ဆောင်နိုင်သော ရုတ်ခြည်းတပ်ဖြန့်ချထားမှုအတွက် သင့်တော်လျက်ရှိသည်။ C295 လေယာဉ်သည် လေကြောင်းချီ တာဝန်များထမ်းဆောင်ရေးအတွက် ချပ်ဝတ်တန်ဆာအပြည့်အစုံဝတ်ဆင်ထားသော တပ်ဖွဲ့ဝင် ၄၉ ဦးထိသယ်ဆောင်ပြီး လေယာဉ်နောက်ပိုင်းမှ တပ်ဖြန့်ချထားနိုင်သောကြောင့် အထူးစစ်ဆင်ရေးများနှင့် လေကြောင်းချီထိုးစစ်မစ်ရှင်များအတွက် များစွာအားသာလျက်ရှိသည်။ ၎င်းလေယာဉ်သည် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးမစ်ရှင်များကို လည်းထမ်းဆောင်နိုင်ပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့်အတူ လူနာတင်စင် ၂၇ ခုထိ သယ်ဆောင်နိုင်သောကြောင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် စစ်မြေပြင်ထိခိုက်ဒဏ်ရာ ရရှိသူများအတွက် တန်ဖိုးကြီးမားသော လေယာဉ်အမျိုးအစားပင်ဖြစ်သည်။

C295 လေယာဉ်သည် ဒစ်ဂျစ်တယ်အထောက်အကူပြုလေယာဉ်မှူးအခန်းနှင့် ဝါယာထိန်းချုပ်ပျံသန်းမှုစနစ်အပါအဝင် အဆင့်မြင့်လေကြောင်းဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်စနစ်များ တပ်ဆင်ထားသောကြောင့် အားသာချက်များစွာရှိနေသည်။ ၎င်းစနစ်များသည် လေယာဉ်မှူး၏လုပ်ငန်းတာဝန်များကိုလျှော့ချပြီး အခြေအနေစောင့်ကြည့်နိုင်မှုမြှင့်တင်နိုင်သောကြောင့် ဘေးကင်းလုံခြုံမှုနှစ်မစ်ရှင်ထမ်းဆောင်နိုင်မှုတို့ကို ထိရောက်စေသည်။ ထို့ပြင် ရန်လိုသောပတ်ဝန်းကျင်တွင်အကာအကွယ်ပေးနိုင်ရန် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်ထားရှိသောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်သောနယ်မြေများတွင်လည်း စစ်ဆင်ရေးတာဝန်များတိုးမြှင့်ထမ်းဆောင်နိုင်သည်။

C295 လေယာဉ်သည် အလယ်အလတ်အဆင့်ရှိ နည်းဗျူဟာမြောက်သယ်ယူပို့ဆောင်ရေး လေယာဉ် အုပ်စုစျေးကွက်၌ ဦးဆောင်လျက်ရှိပြီး ၈၀ ရာခိုင်နှုန်းကျော်ပိုင်ဆိုင်ထားရှိသည်။ ဥရောပ၊ အမေရိကန်၊ အာဖရိကနှင့် အာရှဒေသရှိနိုင်ငံ ၃၇ နိုင်ငံသည် ၎င်းလေယာဉ်ကိုအသုံးပြုလျက်ရှိသည်။ အာရှဒေသတွင် နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်မြှင့်တင်လိုသောနိုင်ငံများသည် C295 လေယာဉ်ကို စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏လေတပ်အဆင့်မြှင့်တင်မှုအတွက် C295 လေယာဉ်ကိုရွေးချယ်ထားရှိသည်။ အိန္ဒိယလေတပ်(IAF)သည် ၎င်း၏သက်တမ်းရင့် Avro 748 သယ်ယူပို့ဆောင်ရေးလေယာဉ်များနေရာတွင် အစားထိုးရန် C295 လေယာဉ် ၅၆ စင်းမှာယူထားရှိသည်။ အိန္ဒိယလေတပ်သည် တပ်ဖွဲ့များ သယ်ယူပို့ဆောင်ခြင်း၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး အပါအဝင် အမျိုးမျိုးသောမစ်ရှင်များအတွက် C295 လေယာဉ်ကို အသုံးပြုသွားရန်မျှော်မှန်းထားရှိသည်။

ဖိလစ်ပိုင်လေတပ်သည် C295M လေယာဉ် လေးစင်းနှင့် C295W လေယာဉ် သုံးစင်းကို အသုံးပြုလျက်ရှိသည်။ ၎င်းလေယာဉ်များကို လေကြောင်းရွှေ့ပြောင်းကွပ်ကဲမှုဌာနချုပ်၏ အမှတ်(၂၂၀) သယ်ယူပို့ဆောင်ရေးလေယာဉ်အုပ်၌ အသုံးပြုလျက်ရှိသည်။ ထိုင်းဘုရင့်လေတပ်အနေဖြင့်လည်း နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးမစ်ရှင်များအတွက် ၎င်းလေယာဉ် နှစ်စင်း ထပ်မံဝယ်ယူထားရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည်လည်း C295 လေယာဉ် အသုံးပြုနေသော အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားလေတပ်သည် ၎င်းလေယာဉ်ကိုသယ်ယူပို့ဆောင်ရေးလေယာဉ်အုပ်၌ ပေါင်းစပ်အသုံးပြုကာ သယ်ယူပို့ဆောင်ရေး၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုမစ်ရှစ်များအတွက် အသုံးပြုလျက်ရှိသည်။ အလားတူ တောင်ဝင်ဘရူနိုင်းလေတပ်ဖွဲ့အနေဖြင့်လည်း C295 လေယာဉ် လေးစင်းမှာယူထားရှိပြီး ၂၀၂၄ ခုနှစ်တွင် ပထမဆုံး နှစ်စင်းလက်ခံရရှိထားပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်လေတပ်သည် နည်းဗျူဟာမြောက်သယ်ယူပို့ဆောင်ရေးအတွက် C295W လေယာဉ် နှစ်စင်းကို အသုံးပြုလျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံလေတပ်အနေဖြင့်လည်း C295 လေယာဉ် သုံးစင်းကို အသုံးပြုလျက်ရှိသည်။ အဆိုပါနိုင်ငံများအပြင် မလေးရှားနိုင်ငံအနေဖြင့်လည်း ၎င်း၏လေတပ် ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်များ တိုးချဲ့ရန် C295 လေယာဉ်ကိုဝယ်ယူသွားရန် စိတ်ဝင်စားလျက်ရှိပေသည်။

ဆိုရလျှင် နည်းဗျူဟာမြောက်သယ်ယူပို့ဆောင်ရေးလေယာဉ်များသည် တပ်ဖွဲ့ဝင်များနှင့်အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများပို့ဆောင်မှု၊ သဘာဝဘေးအန္တရာယ်တုံ့ပြန်မှု၊ ဆေးဘက်ဆိုင်ရာကယ်ဆယ်မှုနှင့် လေကြောင်းချီမစ်ရှင်များအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် အာရှနိုင်ငံများအပါအဝင်ကမ္ဘာ့နိုင်ငံများစွာသည် ၎င်းတို့၏လေတပ်စွမ်းဆောင်ရည်များမြှင့်တင်ရန် နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များ ဝယ်ယူဖြည့်တင်းလျက်ရှိသလို မိမိတို့တပ်မတော်(လေ)အနေဖြင့်လည်း ခေတ်သစ်စစ်ပွဲတွင် အရေးပါလာသောနည်းဗျူဟာမြောက်သယ်ယူပို့ဆောင်ရေးလေယာဉ်များဝယ်ယူဖြည့်တင်းထားသင့်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကိုးကား

– Tactical Transport Aircraft – Backbone of the Fleet. by Asian Defense Journal.

ဝင်းဇင်(သုတေသန)

ဝတ္ထုတိုကဏ္ဍ

လေပြည်နမ်းတော့ ပန်းရက်တယ်ရှင့်

မောင်ခြိမ့်

ယမန်နေ့မှအဆက်

သူတို့ရွာကလေးမှာ သာရေး၊ နာရေးရှိတိုင်း ဓာတ်စက်လာဖွင့်လေ့ရှိသူ အောင်မင်းစိန်ကို ဖျတ်ခနဲ သွား၍ သတိရမိလိုက်သေးသည်။ လူပုံ ဖြူနွဲ့နွဲ့ ဂျင်းဘောင်းဘီနှင့် တီရှပ်ကို မချွတ်တမ်းဝတ်၍ စီးကရက် ဖွာနေပုံကလေးက ရင်ခုန်ချင်စရာ ကောင်းလှသည်။

ဓာတ်စက်ပိုင်ရှင်၏ သားဖြစ်ပြီး လူငှားမထားဘဲ ကိုယ်တိုင်လိုက်၍ ဖွင့်ပေးလေ့ရှိ၏။ သူ့ဓာတ်စက် ဝိုင်းစိန်မတို့ ရွာကလေးထိပ် ချောင်းဝရောက်သည်နှင့် တစ်ရွာသားအချစ်က ပိုပါတယ်တို့၊ အမေဆူရင် ငါ့ဆီ ပြေးခဲ့တို့၊ ဟောဒီရွာ တစ်ရွာလုံး ဒီသူငယ်မ အလှဆုံးတို့၊ နေဝင်ချိန် တိမ်တောက်တဲ့အခါတို့ ဖွင့်၍ ရွာရှေ့ ချောင်းကလေးထဲဝင်လာလျှင် ဝိုင်းစိန်မတို့ အပျို တစ်စု ညုတုတုပြုံးကာ ရင်ခုန်ကြရသည်။ သူ့ထက် ငါ အလှပြင်ကြသည်။

ညကျလျှင် အလှအပဆုံးတွေပြင်ပြီး အောင်မင်းစိန် ဓာတ်စက်ဖွင့်သည့်အနားသွားကာ လက်ဖက်သုပ်ပန်းကန်ပဲချတော့ မလိုလို၊ ရေနွေးကြမ်းအိုးပဲ ချတော့မလိုလို၊ ဆေးလိပ်ခွက်ပဲ ချတော့မလိုလိုနှင့် လူလုံးပြကြဦးမည်။ ထိုအခါ အောင်မင်းစိန်က စီးကရက်ကို ထောင်းထောင်း ထအောင်ဖွာပြီး မျက်စိမှေးကာ ဗီဒီယိုကားထဲက နံပိန် မင်းသားစတိုင်နှင့် "ကျေးဇူး... ကျေးဇူး" ဟုများ အပြောခံရလျှင် ထိုအပျိုမ တစ်ညလုံး အိပ်မပျော်ဟု ဆိုတတ်ကြသေး၏။ သို့သော် အောင်မင်းစိန်ကတော့ သူတို့လို ငါးစိမ်းသည်မကလေးများကို စိတ်ကူးပါမည်လော။

ရွာကို ရောက်သည်နှင့် "ဇမ္ဗူထွန်း" ဟု သင်္ဘော်ဆေးဖြင့် ထင်ထင်ရှားရှားရေးထားသော ဓာတ်စက်ကြီးနှစ်လုံးကို အမြင့်ဆုံးကုက္ကိုပင်ကြီးပေါ်တင် ရေခင်းသံ ပဏာမတီးလုံးခွေ ကက်ဆက်ထဲထည့်ပြီး တာနဲ့ စိတ်ချရတဲ့ ရွာခံကာလသားလက်ထဲ စက်ကို ထိုးအပ်ကာ ရွာမှအချမ်းသာဆုံး ဗီဒီယိုရုံပိုင်ရှင်၏ သမီးဆီ အခစားဝင်နေခဲ့ပြီ။

အင်းပေါ့လေ လူဆိုတာ ကိုယ်ကသာ ဘာမှ မဟုတ်ပေမဲ့ အမြင့်ကို မှန်းချင်သည့်အမျိုး မဟုတ်လား။

(၄)

"ဟင်း... တို့ကလဲ အရေးမလုပ်ပေါင်၊ သူက တို့ကို မကြိုက်ပေမဲ့ တို့ကို ကြိုက်တဲ့သူတွေကလဲ ရှိပါ့၊ ရှိပါ့"ဟု မခံချင်စိတ်ကလေးနှင့်တွေးပြီး လှေကို တအားကျိုး၍ လှော်သည်။

"ဟဲ့... ဟဲ့ ဝိုင်းစိန်မ ဘယ်လိုဖြစ်တာတုံး ညည်းနှယ်အေ"

လှေဦးမှ မစိန်သောင်းက လှမ်း၍အော်၏။ ဘယ့်နှယ် မအော်ဘဲရှိမှာတုံး၊ သူ့တို့ လှေကလေး ကိုအောင်ပွင့်တို့ ဖော်လက်စချုံကိုရောက်၍ လှေကို ကပ်အုံ့ဟု မစိန်သောင်းက ချုံတိုင်ကို လှမ်းကိုင်ကာ လှေဦးကြိုးချည်မည်လုပ်တုန်း လှေပ့ဲမှ စိတ်ကူး ချင်ရာတွေ စိတ်ကူးလာသော ဝိုင်းစိန်မက ကျုံး၍ လှော်နေသဖြင့် မစိန်သောင်းခမျာ ရေထဲထိုးကျ တော့မလိုဖြစ်သည် မဟုတ်လော။

ထိုအခါ ကိုအောင်ပွင့်ရော ချုံဖော်အလုပ်သမား များပါ ဝိုင်းရယ်ကြတော့၏။ ဟုတ်သည် သူတို့ ဇုက္ကနိရွာကလေးကနေ တရွှေ့ရွှေ့လှော်လာခဲ့ကြရာ ကြာကန်ရွာကလေးကို ရောက်တော့ ညနေစောင်းပြီ။ ကြာကန်ရွာကိုကျော်ပြီးလျှင် တံတောင်ဆစ်ချိုး မြစ်ကွေ့ကြီးဆီရောက်၏။ ထိုမြစ်ကွေ့ကြီးထဲမှာ ကျုံကမာရွာကလေးရှိသည် မဟုတ်လော၊ ညနေ ရေအကျတွင် ချုံဖော်ကြမည်။ ရလာသော ငါးပုစွန် များကို ဝိုင်းစိန်မတို့ အမျိုးတူရာ ရွေးမည်။ ချိန်တွယ် ယူရမည်။ ပြီးလျှင် ရွာအရောက် ပြန်လှော်ရပေဦးမည်။

မိမိတို့ ရွာပြန်ရောက်လျှင် ငါးဒိုင်ကြီးတွေမှာ သွင်းသင့်တာသွင်း၊ အရှင်လှောင်သင့်တာလှောင်နှင့် ရွေးဟယ်၊ ဆယ်ဟယ်၊ ချိန်ဟယ်၊ တွယ်ဟယ်နှင့် သန်းခေါင်ကျော်တောင် မပြီးနိုင်အောင် အလုပ်ရှုပ်ကြ ရဦးမည်။

ဒါတွေကို မတွေးတော မပူပင် မကြောင့်ကြဘဲ ဘာမဟုတ်သည့် ကိစ္စတွေ စိတ်ကူးလာမှန်း ကိုယ့်ဟာ ကိုယ်သိနေသော ဝိုင်းစိန်မက ရှက်ရှက်နှင့်-

"အစ်မ သောင်းစိန်ကလဲ ရောက်ရင်လဲ ရောက်ပြီ မပြောဘဲနဲ့"ဟု ရှက်ရမ်း ရမ်းလေသောအခါ-

"အလိုတော်... ဝိုင်းစိန်မ ညည်းစိတ်မှန်ပါ သေးတယ်နော်။ ဟောဒီမှာ ညည်းအဆက် ကိုအောင်ပွင့်ကြီး ချုံဘေးက လှေပေါ်မှာ ထိုင်လျက် သားတွေ့နေရတဲ့ဟာ။ ငါက ရောက်ပြီလို့မျှား သတိပေးရအုံးမတဲ့၊ ညည်းနော်ငါမပြောလိုက်ချင်ဘူး"

"အဲဒါသာကြည့်တော့ မောင်အောင်ပွင့်ရေ၊ ဝိုင်းစိန်မတို့မျှား ကျုံကမာကို လာရမယ်ဆို ကတည်းက စိတ်နဲ့လူ ကပ်တော့တာမဟုတ်ဘူး။ မောင်အောင်ပွင့်ကပဲ ကြည့်ပြောပေတော့ဟေ့"

ငါးစိမ်းသည်ပီပီ ကက်ကက်လန်အောင် လည်းပြော၊ ဝိုင်းစိန်မနဲ့ ကိုအောင်ပွင့်ကိုလည်း ချည်ပြီးတုပ်ပြီးသားဖြစ်၊ သူနဲ့ ကိုအောင်ပွင့်လည်း ပြောမနာဆိုမနာသဘောမျိုး ရင်းနှီးမှုလည်းရအောင် ပြောတတ်ပါပေသည်။

သူ့အဖြစ်သူ သတိထားမိပြီး ရှက်နေသော ဝိုင်းစိန်မက သူ့ ဘေးကပ်လျက် လှေပေါ်မှ သူ့ကို ပြုံးဖြဲဖြဲကြီးနှင့် ကြည့်နေသော ကိုအောင်ပွင့်ကို မဲပြီး လုပ်မိလုပ်ရာ လှော်တက်နှင့်ရေကိုကော်ကာ ပက်ထည့်လိုက်ရင်း-

"သွား... မသာကြီး မကောင်းဘူး"

"ဟောဗျာ... ဟောဗျာ... ကျုပ်က ဘာလုပ်လို့ တုံး" ဟုဆိုပြီး လက်ကာကာ ခြေခါခါနှင့် ရုတ်တရက် ထ၍ အရှောင်တွင် လှေလူး၍ ရေထဲသို့ ဝုန်းခနဲ ပြုတ်ကျသွားသောအခါ ဝိုင်းစိန်မရော၊ မစိန်သောင်း ရော၊ အလုပ်သမားတွေရော ဝိုင်း၍ရယ်လိုက်သံသည် အိပ်တန်းတက်စ ၄က်အပေါင်းတို့ကိုပင် လန့်၍ ပြေးစေတော့၏။

(၅)

ရေကျပြီ။ ချုံကို ယင်းတွေပတ်၍ကာပြီး ချုံကိုင်း များကို ကမ်းစပ်ပေါ် ပစ်တင်ပြီးချိန်မှာတော့၊ ငါးပတ် တွေ၊ ငါးရံ့တွေ၊ ငါးဖယ်တွေ တဝုန်းဝုန်းထခုန်နေကြပြီ။ ကွန်နှင့် အုပ်သူက အုပ်၊ ဒိုင်းဝန်းနှင့် ကော်သည့်သူက ကော်၊ ရေထဲဝင်၍ စမ်းသည့်သူကစမ်းနှင့် အလုပ်ရှုပ် နေကြပြီ။

"ပုစွန်တုပ်ကြီးတွေ တော်တော်မိမယ်ဟေ့၊ နှုတ်ခမ်းမွေးတွေ စမ်းမိတာကြမ်းနေတာပဲ" ဟု အော်သူက အော်။

"ချုံအောက်ခြေမှာ ငါးဝက်မရော ငါးချောက်ဖားတွေပါ အများကြီးဟေ့ နင်းမိတာ..." ဟု ဆိုသူက ဆိုကြသောအခါ ဝမ်းသာပီတိစိတ်ဖြင့် ဝိုင်းစိန်မက ကိုအောင်ပွင့်ကို လှမ်းကြည့်သည်။ မသာကြီးကတော့ ဝိုင်းစိန်မကို ရှိသည်မထင်၊ ချုံထဲက ငါးတွေကိုငေးရင်း သဘောတွေကျနေတော့၏။ အားမလိုအားမရဖြစ်ကာ ကိုယ်တိုင်ဝင်၍ ဒိုင်းဝန်းနှင့် ထိုးထိုးကော်နေသော ကိုအောင်ပွင့်ကို ကြည့်ပြီး-

"မမလေး ထဘီဖိုး ကြိုးစားလိုက်ပါအုံး ကိုအောင်ပွင့်ရေ"ဟု အလုပ်သမားတွေက ဝိုင်းအော်လေသော အခါ အစ်မစိန်သောင်းက ဝိုင်းစိန်မကို လှမ်းကြည့်၍ ပြုံး၏။ ဝိုင်းစိန်မကတော့ ကြက်သီးဖွေးဖွေးထ ရှက်သွေးထွေးထွေးကြွရင်း ပီတိတွေ ဝေနေတော့၏။

ရေပြန်မတက်မီ၊ ရေဦးပြန်၍ မလည်မီမှာပင် လူအင်အား ကောင်းလှသဖြင့် ချုံခြောက်ချုံ ဖော်၍ ပြီးသွားပြီ။ ရလိုက်သည့် ငါးတွေ၊ ပုစွန်တွေမှာလည်း ဖွေးဖွေးလှုပ်။

နေဝင်သွားခဲ့သည်မှာ အတော်ကြာခဲ့ပြီမို့ မြစ်ရိုး တစ်ခွင်မှာ မှောင်ရီဝေ့ဝဲ၊ အရိပ်မည်းတွေ စိုးမိုးနေပြီ။ လှေကလေးတွေပေါ်တွင်တော့ မီးတိုင်ခွက်ကြီးတွေ ကို မီးစာရှည်ရှည်ထုတ်၍ ထွန်းထားလေသဖြင့် မီးရောင်တွေက မြိုင်နေအောင်လင်းတော့၏။

ထိုမီးရောင်အောက်တွင် တဖျပ်ဖျပ်ခုန်၊ တဆတ် ဆတ်တုန်နေသော ငါးတွေ၊ ပုစွန်တွေကို ကြည့်ပြီး ကိုအောင်ပွင့်တစ်ယောက် အူတွေမြူးနေ၏။

"ကိုအောင်ပွင့်ရေ ကျုပ်တို့ ကြိုးကြိုးစားစား ဖမ်းပေးတယ်နော်။ ချမ်းတယ်ဗျ သိလား ဟီး ဟီး"

"သွားလေကွာ... သွားသွား ဦးရည်သုံးလုံး လောက်ဆွဲလေကွ။ တစ်ယောက်ယောက်က မီးဖိုပြီး ပုစွန်တုပ်လေးငါးကောင် မီးဖုတ်လေကွာ။ လှေဦးခေါင်း ထဲမှာ ဆားထုပ်နဲ့ သံပရာသီးပါသကွ"ဟု စေတနာ ဒလဟောနှင့် သဘောကောင်းသောအခါ ဝိုင်းစိန်မ၏ မျက်စောင်းက နီကျင်ကျင် မီးရောင်အောက်မှာပင် ကိုအောင်ပွင့်ဆီ ဖျတ်ခနဲပြေးဝင်လေ၏။ ထိုအခါကျမှ-

"ဟေ့ကောင်တွေ မင်းတို့ဘာသာ အချမ်းပြေ လုပ်ကြကွာ။ ငါ မပါဘူး"ဟု ကပျာကယာ ပြော၏။

ထိုအခါ "ကြောင်တော့ သေ၊ မသေ မသိဘူးဟေ့။ ဆင်ကတော့ စင်းစင်းသေပါပြီကွာ"ဟု တစ်ယောက် ကဆိုသော် နားလည်သဘောပေါက်စွာ အားလုံးက ဝိုင်း၍ ရယ်ကြပြန်၏။

ရေထဲမှာ ခြောက်နာရီလောက်စိမ်၍ ငါးတွေဖမ်း နေရသော ကိုအောင်ပွင့်တစ်ယောက် မည်းရုံမကပြာ၍ နှမ်းနေပြီ။ တခိုက်ခိုက်လည်းတုန်အောင် ချမ်းနေပြီ။

ထိုအချိန်မှာပင် ငါးကျည်းသတ်သတ်၊ ငါးခူ သတ်သတ်၊ ငါးရံ့သတ်သတ် ရွေးဆယ်နေသော ဝိုင်းစိန်မဆီက "အမယ်လေး အမွေ"ဟု အလန့်တကြား အော်သံထွက်လာလေ၏။ ငါးကျည်းစူးသွားသော လက်ကို တဖျပ်ဖျပ်ခါကာ တအင်းအင်း ညည်းညူနေ ချိန်မှာတော့ ဝိုင်းစိန်မ၏ လှေကလေးပေါ်သို့ စွေ့ခနဲ ကိုအောင်ပွင့် ခုန်တက်လာခဲ့ပြီး "ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"ဟု စိုးရိမ်တကြီးမေးရင်း အနား ကပ်သွားသည်။

"ဟို.. ဟို ငါးကျည်းစူးလို့" ဟု ငိုမဲ့မဲ့ ချိုနွဲ့နွဲ့ပြော ရင်း သူ့လက်ကလေးကိုပြ၏။ "ငါးစိမ်းသည်မပဲဟာ၊ ငါးကျည်းစူးတာ ဆန်းတာမှမဟုတ်တာ၊ ဘာအခုမှ အဖြစ်သည်းနေတာလဲ"ဟု အပြစ်တင်မစောသင့်ပါ။ နွဲ့ခွင့်ရသည့်အခါ၊ မှုခွင့်ရသည့်အခါ၊ စူခွင့်ရသည့်အခါ နွဲ့ကြ၊ မှုကြ၊ စူကြသည်မှာ မိန်းမတို့၏ အခွင့်အရေးပါ။

ငါးညီတွေနံစော်၊ ငါးအကြေးခွံတွေ ဒလိမ်းထိုးနေ သော ဝိုင်းစိန်မ၏လက်ညှိုးကလေးကို ဆတ်ခနဲဆွဲယူ ပြီး ပါးစပ်ထဲဆွဲယူထည့်ကာ အဆိပ်ပါသောသွေးတွေ ကို စုပ်ယူနေသော ကိုအောင်ပွင့်ကို မျက်လုံးကလေး မှေးစင်းပြီး ရင်တွေတဒိတ်ဒိတ်ခုန်နေသော ဝိုင်းစိန်မ က ကျေးဇူးတွေ အထူးပင်တင်၏။

ရေထဲ၊ နေထဲ နေရပါများ၍ ဆံပင်တွေက နီကျင် ကျင်၊ အင်္ဂျီမပါသော ရင်အုပ်ကြီးက ကြွက်သားအဖု အဖုနှင့်ထုထုပြီး ခရာချင်စရာ...။

စာမျက်နှာ ၂၅ သို့ ➤

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၆၃၂၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကန့်ဘလူ ဧပြီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၆၃၂၉၀ ထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧက၊ ဖူးစားပြောင်း ဧက ၇၅၀ စုစုပေါင်း ၈၉၆၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာယနေ့ထိ အစေ့ထုတ်ပြောင်း ၆၂၉၅၇ ဧက၊ ဖူးစားပြောင်း ၃၃၃ ဧက စုစုပေါင်း ဧက ၆၃၂၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၈၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါကဌေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါကဌေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

ဘဝတိုးတက်ရေး

- လူငယ်တွေ မပျင်းရိ
  အဆင်းရှိ ပညာဂုဏ်၊
  အမှန်ကို ဆုံးဖြတ်တတ်
  မှားမှတ်မှုမဆုံ၊
  စာပေက လမ်းပြအဖုံဖုံ
  အတွေ့ကြုံက စိတ်ကိုမြှင့်၊
  အောင်မြင်မည် ပန်းတိုင်လမ်းကို
  လျှောက်လှမ်းဖို့အသင့်။

- စာဖတ်ရန် လမ်းစဖွင့်
  မှန်းဆချင့် အရာရာ၊
  ပညာသည် လူမခိုး
  ဆိုရိုးရှိကာ၊
  လူငယ်များ စာဖတ်ပါ
  စာပေမှာ ဉာဏ်ရည်ဖြိုး၊
  ဘဝဝယ် တိုးတက်ရေးကို
  လေးစားသယ်ပိုး။

- စာဖတ်သော် စိတ်ဓာတ်မည့်ပြီး
  အကျိုးကြောင်း တတ်သိမယ်၊
  ဆင်ခြင်တုံ အသိတရားက
  တိုးပွားလှမ်းရွယ်၊
  ဗဟုသုတ ပြည့်ဝကြွယ်
  မှတ်သားဖွယ် စာအုပ်ရွေး၊
  အားလပ်ချိန် စာဖတ်အကျင့်ကို
  မြှင့်တင်စို့လေး။ ။

မောင်မျိုးချစ်(အညာမြေ)

သဲကုန်းမြို့နယ် မအူကန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

သဲကုန်း ဧပြီ ၁၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မအူကန်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် ဝန်ထမ်းများက မအူကန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မအူကန်ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၂ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖွန်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သုတ

ငဖဲမြို့နယ် ဗိုလ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ ဧပြီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းထိမ်းကျေးရွာအုပ်စု ဗိုလ်ကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီလ ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဗိုလ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များ ထံ ရန်ပုံငွေကျပ် ၃၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဗိုလ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

➤ **စာမျက်နှာ ၂၄ မှအဆက်**

စူးရှသော မျက်ဝန်းအစုံက ဝိုင်းစိန်မကို ကရုဏာသက်စွာ၊ ချစ်မြတ်နိုးစွာ ငေးရီနေကြ၏။ တစ်ခါစူးမိလျှင် တစ်ရေတက်၊ တစ်ရေကျ၊ အဆိပ်တက်သော ငါးကျည်းစူးသောကြောင့်၊ တစစ်စစ် ကိုက်ခဲနေသော ဝိုင်းစိန်မ၏ လက်ညှိုးကလေးသည် ကိုအောင်ပွင့်က သုံးလေးငါးခါ စုပ်၍စုပ်၍ ထွေးပစ်သောကြောင့် အဆိပ်တွေ ကုန်သွား၍လော၊ ဒါမှမဟုတ် နွေးထွေးသော အာငွေ့နှင့်ထိတွေ့ လိုက်ရ၍လော၊ ဒါမှမဟုတ် ကိုအောင်ပွင့်၏ မေတ္တာ၊ ကရုဏာနှင့် ယုယပိုက်ထွေးမှုကြောင့်လော မပြောတတ်တော့၊ ချက်ချင်းသက်သာသွားခဲ့ပြီ။

"အို... လွတ်ပါ" အသံတုန်တုန်ကလေးနှင့်ပြောရင်း လက်ကလေးကို အသာဆွဲယူ၏။ ကိုအောင်ပွင့်က ဘေးဘီကို အသာဇေ့ဝိုက်ကြည့်သည်။ မစိန်သောင်းနှင့် လူငှားများ ချိုး၏အခြားတစ်ဖက်တွင် ငါးတွေ၊ ပုစွန်တွေရွေးဆယ်ရင်း အလုပ်ရှုပ်နေကြ၏။

အစင်းစင်းအကန့်ကန့် ယင်းချပ်များကို ဖြတ်သန်းလာသော မီးရောင်သည် ဝိုင်းစိန်မ၏ ဖူးရွှန်းနေသော မျက်နှာကလေးပေါ်မှာလာ၍ ထင်နေ၏။

ရှက်သွေးဖြန်းနေသော၊ အချစ်စိတ်ဖြင့် ထုံမွမ်းမွေးမြနေသော အပျိုမတစ်ယောက်၏ မျက်နှာကလေးထက် လှပသောအရာသည် ကမ္ဘာကြီးမှာ ဘယ်အရာကမျှ တုယှဉ်နိုင်မည်မဟုတ်။

ဆုပ်ကိုင်ထားဆဲ ဝိုင်းစိန်မ၏ လက်ကလေးကို သူ့ဘက်ဆွဲယူလိုက်လျှင် ခပ်ယိုင်ယိုင်ဖြစ်နေသော ဝိုင်းစိန်မ၏ ကိုယ်လုံးကလေးက ရင်ခွင်ထဲ စွေ့ခနဲပြိုဆင်းလာခဲ့၏။

"မသာကြီးနော်"ဟု ကြိမ်ဆဲလိုက်သော ဝိုင်းစိန်မ၏ လေသံသည် တစ်စုံတစ်ခုသော ပယောဂကြောင့် တုန်ယင်လှိုက်မောနေ၏။

မည်းညစ်ညစ်ရင်ခွင်ကြီးသည် ရွှံ့စော်၊ ငါးညှီစော်နံလျက်ရှိသည်။ သို့သော် ဖြူစင်သော၊ ရိုးသားသော ချစ်ခြင်းမေတ္တာ၏ အဟုန်ကြောင့် ဝိုင်းစိန်မ၏စိတ်ထဲတွင် မွေးရန့်ဖြင့် ထုံအီနေသည်ဟုထင်မိပြီ။ ဟုတ်သည်၊ အရောင်အသွေးတူသော ငှက်တို့သည် တစ်ကိုင်းတည်းနားကြသည် မဟုတ်လား...။

အလားအလာကောင်း၍ လူကြိုက်များသော ဧည့်မထစပါးမျိုးများအကြောင်း

ရွှေအိ(စိုက်ပျိုးရေး)

မြန်မာနိုင်ငံတွင် ဆန်စပါးများကို စပါးမျိုးများ၏ သက်တမ်းအလိုက် အုပ်စုခွဲခြားခြင်းနှင့် စပါးလုံး အရွယ်အစားအလိုက် အုပ်စုခွဲခြားခြင်းဟူ၍ နှစ်မျိုး ခွဲခြားထားသည်။ စပါးမျိုးများ၏ သက်တမ်းအပေါ် မူတည်၍ သက်လျင်၊ သက်လတ်၊ သက်ကြီးဟူ၍ အုပ်စုသုံးစုခွဲခြားထားသည်။ သက်လျင်စပါးမျိုး ဆိုသည်မှာ အသက်ရက် ၁၂၅ အောက်ရှိသော စပါးမျိုးများဖြစ်ပြီး၊ အသက်ရက် ၁၂၆ မှ ၁၅၀ အတွင်းရှိသော စပါးမျိုးများကို သက်လတ်စပါးမျိုးဟုခေါ်သည်။ အသက်ရက် ၁၅၀ အထက်ကျော်လွန်သော စပါးမျိုးများမှာ သက်ကြီးစပါးမျိုးများဖြစ်ကြသည်။

ဧည့်မထ၊ လက်ရွေးစင်၊ ငစိန်၊ မီးဒုံး၊ ဗျက် စသည့်စပါးမျိုးများကို စပါးလုံးအရွယ်အစားအလိုက် မျိုးအုပ်စုခွဲခြားလေ့ရှိသည်။ ၎င်းစပါးမျိုးအုပ်စုများစွာထဲမှ ဧည့်မထစပါးမျိုးအုပ်စုသည် သေးသွယ်ရှည်လျားပြီး အလျား၊ အနံအချိုးအစား ၃ ဒသမ ၃ မီလီမီတာရှိပြီး ဆန်သားမာ၍ အရောင်ကြည်သည်။ ဧည့်မထစပါးမျိုးသည် မျိုးအုပ်စုသုံးခုထဲမှ မျိုးအုပ်စုနှစ်ခုဖြစ်သော သက်လျင်နှင့် သက်လတ် အုပ်စုတွင်ပါဝင်သည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် စိုက်ပျိုးနေကြသည့် ဧည့်မထစပါးမျိုးများသည် အထွက်နှုန်းကောင်း၍ အရည်အသွေးပြည့်မီသောကြောင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထိပါ ထိုးဖောက်နိုင်သော မျိုးအုပ်စုတစ်ခုဖြစ်သည်။

ဧည့်မထစပါးမျိုးအုပ်စုတွင် အောင်နိုင်တိုး (YSR-1)၊ ရွှေသွယ်ရင်၊ အင်းမရဲဘော်၊ ဧရာမင်း၊ လုံးသွယ်မွေး၊ ရတနာတိုး၊ မော်ဘီ-၂၊ ကျော်ဇေယျ၊ နံ့သာမွေး၊ ဆင်းဇကရီ-၃ စသည့်မျိုးများအပြင် စပါးမျိုးကွဲပေါင်းများစွာပါဝင်သည်။ စပါးစိုက်ပျိုးရာတွင် မိမိတို့ရေမြေဒေသနှင့်ကိုက်ညီသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးနည်းစနစ်များကို အသုံးပြု၍ စနစ်တကျစိုက်ပျိုးမည်ဆိုပါက အရည်အသွေးကောင်း၊ အထွက်ကောင်းသော စပါးမျိုးများ ရရှိ၍ ပန်းတိုင်အထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။

စပါးပန်းတိုင်အထွက်နှုန်းပြည့်မီရန် အောက်ပါ အချက်များကို စနစ်တကျလိုက်နာ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

မျိုးရွေးချယ်ခြင်းတွင် စပါးမျိုးရွေးချယ်ရာ၌ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်သော မျိုးကောင်းမျိုးသန့်ကို ရွေးချယ်အသုံးပြုရမည်။

မြေပြင်ခြင်းတွင် စိုက်ခင်းကိုပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက် ထွန်ယက်ရမည်။ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခံမြေသြဇာထည့်သွင်း၍ ကျမ်းတုံးရိုက် မြေညှိရမည်။ စိုက်ခင်းတမန်းမြေညီညာပြီး ရေပြောင်စင်အောင်ထုတ်ပြီးမှ စိုက်ပျိုးရမည်။ စိမ့်မြောင်း၊ ပတ်မြောင်းများတူးဖော်ပြုလုပ်ထားရမည်။

စိုက်ပျိုးချိန်တွင် ပျိုးခင်းစိုက်ပျိုးရာ၌ မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် ပျိုးပင်ကြီးထွားမှုအားကောင်းသန်မာစေရန် ပျိုးပေါင်ဖြင့်ပျိုးထောင်ရမည်။ မျိုးစေ့များပူးကပ်ခြင်းမရှိအောင် မျိုးစေ့ချရမည်။ တစ်ဧကမျိုးသန့်မျိုးစေ့(RS) တစ်တင်းနှုန်းသုံးရမည်။ စပါးစေ့ကို မျိုးညှောင့်ဖောက်ပြီး ပျိုးပေါင်ပေါ်တွင် မျိုးစေ့ညီညီညာညာချရမည်။ မျိုးစေ့နှုန်းထားအနေဖြင့် ပျိုးပေါင်ရှစ်ပေါင်အတွက် တစ်ပေါင်လျှင် နှစ်ပြည်နှုန်းအသုံးပြုရမည်။

မျိုးစေ့များမပျက်စီးစေရန်နှင့် မိုးရာသီကာလတွင် မျိုးစေ့များရေစီးနှင့်မျောပါမသွားစေရန် မြေဆွေးဖုံးရမည်။ ကြွက်၊ ငှက်များ ဖျက်ဆီးခြင်းမှကာကွယ်ရန် အစေ့ချပြီးနောက် မြေကိုလုံအောင်ဖုံးအုပ်ထားရမည်။ မျိုးစေ့ချပြီးနောက် မိုးသည်းထန်စွာရွာသွန်းပါက အပင်ပေါက်နှုန်းထိခိုက်နိုင်သည်။ စပါးစိုက်ရန် ပျိုးခင်းကို စနစ်တကျပြုစုပေးရမည်။ ပျိုးခင်းကို မြေဆီဩဇာကြွယ်ဝသော နေရာတွင်ပြုလုပ်ရမည်။ သစ်ဆွေး၊ နွားချေးဆွေး၊ စက်ဖွဲပြာများကိုထည့်သွင်းပေးရမည်။ အရွယ်အစားညီညာသော ပျိုးပင်များရရှိစေရေးအတွက် ပျိုးခင်းမျက်နှာပြင်ညီညာအောင် ဆောင်ရွက်ရမည်။

ရွှေ့ပြောင်းစိုက်ပျိုးခြင်းတွင် ချက်ချင်းနုတ် ချက်ချင်းစိုက်ပျိုးရမည်။ ပျိုးမနုတ်မီသုံးရက်ခန့်ကြိုတင်၍ ရေသွင်းရမည်။ ပျိုးနုတ်ရာတွင် ပျိုးပင်ခြေမှ စနစ်တကျကိုင်တွယ်၍ ညင်သာစွာနုတ်ရမည်။ ပျိုးပင်များကိုတင်းကြပ်စွာစည်းခြင်းမပြုရ၊ ပျိုးနုတ်ပြီးသည်နှင့် ချက်ချင်းစိုက်ပျိုးရမည်။ ကောက်စိုက်ပြီးနောက် ကောက်ပင်ဖာခြင်းကို တစ်လအတွင်းဆောင်ရွက်ရမည်။ ကောက်ပင်လှန်မြန်ဆန်စေရန်အတွက် ကောက်စိုက်ရာတွင် ပျိုးပင်ကိုတစ်လက်မ သို့မဟုတ် တစ်လက်မခွဲထက် မနက်စေရ။ ကောက်စိုက်ရာတွင် ကောက်ကွက်တစ်ကွက်လျှင် လက်ဆနှစ်ပင်၊ သုံးပင် စိုက်ပျိုးရမည်။

ရေသွင်းခြင်းတွင် ရေသွင်းရေထုတ်မှန်ကန်အောင် ပြုလုပ်ရမည်။ စပါးအပင်ပေါက်ပြီးနောက် နှစ်ပတ်အတွင်း အပင်ငယ်များရေမမြုပ်စေရန် သတိပြုရမည်။ ရေသွင်းရေခန်းစနစ်ကို ကျင့်သုံးရမည်။ မှိုကပ်ချိန်(သန္ဓေစတည်ချိန်)နှင့် ရင့်မှည့်ချိန်ကြားတွင် သွင်းရေလုံလောက်အောင်ပြုလုပ်ရမည်။

မြေသြဇာကျွေးခြင်းတွင် သွင်းအားစုကို အချိန်ကိုက် အချိုးကျ ထည့်သွင်းရမည်။ နွားချေးဆွေးနှင့် သဘာဝမြေသြဇာရရှိပါက ထည့်သွင်း၍ ကီလိုဂရမ် ၅၀ ပါ တီစူပါအိတ်ဝက်နှင့် ကီလိုဂရမ် ၅၀ ပါ ပိုတက်ရှ်တစ်အိတ်၏ လေးပုံတစ်ပုံကို မြေခံအဖြစ် ထည့်သွင်းရမည်။

စိုက်ပြီးငါးရက်အတွင်း ကီလိုဂရမ် ၅၀ ပါ ယူရီးယားတစ်အိတ်၏လေးပုံတစ်ပုံနှုန်းဖြင့် ပထမအကြိမ်၊ စိုက်ပြီး ရက် ၂၀ တွင်ယူရီးယားတစ်အိတ်၏ နှစ်ပုံတစ်ပုံနှုန်းဖြင့် ဒုတိယအကြိမ်၊ စိုက်ပြီး ၃၅ ရက်တွင် ယူရီးယားတစ်အိတ်၏ နှစ်ပုံတစ်ပုံနှုန်းဖြင့် တတိယအကြိမ်၊ အလံရွက် (စပါးနုံမထွက်မီထွက်သည့်အရွက်) ထွက်ချိန်တွင် ယူရီးယားနှင့်ပိုတက်ရှ်မြေသြဇာကို တစ်အိတ်လျှင် လေးပုံတစ်ပုံနှုန်းဖြင့် စတုတ္ထအကြိမ် စုစုပေါင်းလေးကြိမ်ထည့်သွင်းရမည်။ မြေသြဇာထည့်သွင်းပေးပြီးတိုင်း ရေစပ်စပ်ထားရှိ၍ တမန်းနှိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

ပိုးမွှားရောဂါကာကွယ်ခြင်းတွင် ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှုရှိ၊ မရှိကိုအမြဲမပြတ်ကွင်းဆင်း၍ ကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကိုလိုအပ်မှ သာအသုံးပြုရမည်။ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာနေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းရမည်။ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် စိုက်ခင်း၏ဘေးပတ်ဝန်းကျင်ရှိ ခြံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများအသုံးပြုခြင်း စသည့်နည်းလမ်းများကိုဆောင်ရွက်ရမည်။ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးရမည်။

ပေါင်းမြက်ရှင်းလင်းခြင်းတွင် ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက် ပေါင်းကိုနှိမ်နင်းရမည်။ မြေကိုကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်များကိုနှိမ်နင်းနိုင်သည်။ ပေါင်းနှိမ်နင်းခြင်းကို လက်ဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးဖျန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။ ပေါင်းပင်အမျိုးအစားပေါ်မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာအသုံးပြုရမည်။

ရိတ်သိမ်းရာတွင် စပါးနှံ၏ ၈၅ ရာခိုင်နှုန်းရင့်မှည့်ချိန်(မောင်းညှိချိန်)၌ အလေအလွင့်အနည်းဆုံးနည်းလမ်းဖြင့်ရိတ်သိမ်းပြီး ချက်ချင်းခြွေလေ့စက်များအသုံးပြုရမည်။ စပါးအစိုဓာတ်သည် မျိုးအတွက် ၁၃ ရာခိုင်နှုန်းနှင့် စားသုံးမည့်စပါးအတွက် ၁၄ ရာခိုင်နှုန်းလိုအပ်သည်။

သိုလှောင်ခြင်းတွင် ရိတ်သိမ်းပြီးပြီဆိုပါက စပါးများကို ၂၄ နာရီအတွင်း အခြောက်ခံထားရမည်။ စပါးများကောင်းစွာခြောက်သွေ့ရန် သိုလှောင်ချိန်တွင် လေဝင်လေထွက်ကောင်းသောနေရာများနှင့် သန့်စင်ထားသော သီးသန့်အဆောက်အအုံများတွင် စနစ်တကျသိုလှောင်ထားရမည်။

နိုင်ငံတကာဈေးကွက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ယခုနှစ် ဇူလိုင် ၉ ရက်မှ ၁၅ ရက်ထိ ပြည်တွင်း၊ ပြည်ပ ဆန်ဈေးနှုန်းများ ခန့်မှန်းတင်ပြချက်များအရ Myanmar White Rice (Emata) 5% Broken(Well Milled Double Polished Sortexed)သည် မက်ထရစ်တန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅-၃၇၀၊Myanmar White Rice (Emata) 10% Broken(Well Milled Double Polished Sortexed) သည်မက်ထရစ်တန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅-၃၆၅ နှင့် Myanmar White Rice (Emata) 15% Broken(Well Milled Double Polished Sortexed)သည် မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀-၃၅၅ အတွင်းရှိကြောင်း လေ့လာတွေ့ရှိရသည်။

စပါးသီးနှံစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် နည်းစနစ်အတိုင်း စနစ်တကျစိုက်ပျိုးနိုင်ပါက စပါးတစ်ဧကပန်းတိုင်ပြည့်မီ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အရည်အသွေးကောင်း၊ အထွက်ကောင်းသော၊ ဈေးကွက်အလားအလာရှိသော စပါးမျိုးအုပ်စုများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်စေပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်သာမက ပြည်တွင်းစားသုံးမှုဖူလုံ၍ နိုင်ငံခြားဝင်ငွေရရှိရန် ပြည်ပဈေးကွက်သို့တင်ပို့လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၅၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရွှေဘို ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၅၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ရုံးပတီ စတဲ့သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးပြီး စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေးစသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးဦးဆန်းဦးက ပြောပြသည်။ (၂၀၆)

ရပ်စောက်မြို့နယ် သပြေကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရပ်စောက် ဇူလိုင် ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက သပြေကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

သပြေကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ် ၃၃၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

စာအုပ်စာပေ လူမှီတ်ဆွေ

တောမီးအန္တရာယ်ကြောင့် တွမ်ဆင်ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးထား

အော့တဝါ ဇူလိုင် ၁၃

ကနေဒါနိုင်ငံ မနီတိုဘာပြည်နယ် တွမ်ဆင်မြို့အနီး တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပြီး တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် မနီတိုဘာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးထားကြောင်း ဇူလိုင် ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ခရော့စ်လိတ်အနီးတွင် လောင်ကျွမ်းနေသည့် တောမီးသည် တွမ်ဆင်မြို့အနီးသို့ ရောက်ရှိလာနိုင်သည့် အခြေအနေမျိုးဖြစ်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ပြင်ဆင်မှုများ ပြုလုပ်ထားရေး အတွက် ကြိုတင်သတိပေးထားခြင်းဖြစ်ကြောင်း၊ မနီတိုဘာပြည်နယ်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာ အမြောက်အမြားရှိသည့် အနက် တွမ်ဆင်မြို့သို့ကူးစက်လောင်ကျွမ်းလာနိုင်သည့် တောမီးမှာ NO 005 ဟုနံပါတ်စဉ်တပ်ထားသည့်တောမီးဖြစ်ကြောင်း၊ အဆိုပါတောမီးကြောင့် သစ်တောမြေ ဟက်တာ ၈၄၃၅ ထိ ပျက်စီးသွားခဲ့ပြီး တောမီးအရှိန်မှာ မြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

"တွမ်ဆင်မြို့အနီး ခရော့လိတ်မှာလောင်ကျွမ်းနေတဲ့ အမှတ် NO 005 တောမီးဟာတွမ်ဆင်မြို့ဘက်ကို ဦးတည်လောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှု အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပါတယ်။ ဒေသခံတွေအနေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်ထားကြပါ။ တောမီးအမှတ် NO 061ကလဲ တွမ်ဆင်မြို့ဘက်ကို ဦးတည်နေပါတယ်။ အမှတ် NO 005 တောမီးကြောင့် သစ်တောမြေဟက်တာ ၈၄၃၅ ထိ ပျက်စီးသွားခဲ့ပြီဖြစ်သလို အမှတ် NO 061 တောမီးကြောင့် သစ်တောမြေ ဟက်တာ ၁၆၇၃၀ ထိ ပျက်စီးသွားခဲ့ပြီဖြစ်ပါတယ်။ မနီတိုဘာပြည်နယ် အတွင်းမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့နေရာပေါင်း ၁၀၇ နေရာထိ ရှိနေပါတယ်"ဟု မနီတိုဘာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဆီယာရာလီယွန်နိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် နိုင်ငံရှိကျွန်းငယ်များ လုံးဝပျောက်ကွယ်သွားနိုင်

ဖရီးတောင်း ဇူလိုင် ၁၃

ဆီယာရာလီယွန်နိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် နိုင်ငံရှိကျွန်းငယ်များ လုံးဝပျောက်ကွယ်သွားနိုင်ကြောင်း နိုင်ငံ အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆီယာရာလီယွန်နိုင်ငံရှိ ကျွန်းငယ်များတွင် နေထိုင်သူများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့်အတူ ကမ်းရိုးတန်းများ တိုက်စားမှုကြောင့် နေထိုင်ရာ နေအိမ်များနှင့် စိုက်ပျိုးမြေယာများဆုံးရှုံးခဲ့ရပြီး နိုင်ငံ၏ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်မှာ ဆယ်စုနှစ်ကြာပြီဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ၏ သက်ရောက်မှုများသည် ကျွန်းငယ်များတွင် နေထိုင်သော ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုပျက်စီးစေကာ ထောင်နှင့်ချီသော ဒေသခံပြည်သူများကို စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းမှုများဖြစ်ပေါ်စေကြောင်း နိုင်ငံတွင်း ရွှေ့ပြောင်းမှု စောင့်ကြည့်ရေး စင်တာ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

Plantain ကျွန်းငယ်များနှင့် အဆိုပါကျွန်းများမှ ဒေသခံများ အပေါ် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၏ ဆိုးကျိုးသက်ရောက်မှုများအပေါ် ဆန်းစစ်ပြီး ဒေသခံပြည်သူများ၏အရေးပေါ် လိုအပ်ချက်များကိုဖော်ထုတ်ပြီး အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်နေကြောင်း ဆီယာရာလီယွန်နိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ (NDMA)၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

လစ်သူရေးနီးယားနိုင်ငံတွင် ရေခဲလွှာများအရည်ပျော်မှုကြောင့်နေထိုင်ကျက်စားရာ ရှားပါးလာသော ပင်လယ်ဖျံများကို ကာကွယ်ထိန်းသိမ်းရန် ကြိုးပမ်းနေ

ဗေးလ်နီးယပ်စ် ဇူလိုင် ၁၃

လစ်သူရေးနီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများက ရေခဲလွှာများအရည်ပျော်မှုကြောင့် နေထိုင်ကျက်စားရာ ရှားပါးလာသော ပင်လယ်ဖျံများကို ကာကွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း ယနေ့သတင်းများအရ သိရသည်။

လစ်သူရေးနီးယားနိုင်ငံ တစ်လျှောက်ရှိ ဘောလ်တစ်ပင်လယ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်များမြင့်တက်ကာ ရေခဲပြင်များအရည်ပျော်မှုက ရေခဲပြင်တွင်ကျက်စားသော ပင်လယ်ဖျံများကို အတိဒုက္ခဖြစ်ပေါ်စေကြောင်း၊ ထို့ပြင် အဆိုပါ ပင်လယ်ပြင်အနီး နေထိုင်သူများ၏ စည်းကမ်းမဲ့ ဓာတုပစ္စည်းများစွန့်ပစ်ခြင်း၊ အလွန်အကျွံငါးဖမ်းခြင်းများက ထိုဖျံများ၏အစာရှားပါးမှုကိုဖြစ်စေသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများက ပင်လယ်ဖျံများအပေါ် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုကို လျှော့ချရန် ဥရောပတိုက်ရှိနိုင်ငံများနှင့် ရုရှားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေကြောင်း၊ ပင်လယ်ဖျံများသည် မျိုးသုဉ်းလုနီးပါးစာရင်းဝင်ခဲ့ပြီး လက်ရှိတွင် ကောင်ရေ ၄၀၀၀ – ၅၀၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း ဘောလ်တစ်အဏ္ဏဝါသတ္တဝါများ ပြန်လည်ထူထောင်ရေးစင်တာမှ ဇီဝဗေဒပညာရှင် အာရူးနက်စ်ဂါရူဆက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ တောင်ပိုင်းတွင် တောမီးများ ဆက်လက်လောင်ကျွမ်းမှုဖြစ်ပွားနေ

ဆာရာဂျေဗို ဇူလိုင် ၁၃

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံတောင်ပိုင်းတွင် တောမီးများ ဆက်လက်လောင်ကျွမ်းမှု ဖြစ်ပွားနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ၏ ထရီဘင်ဂျီဒေသတွင် တောမီးများ ဆက်တိုက်လောင်ကျွမ်းနေပြီး ယနေ့သည် ခုနစ်ရက်မြောက်နေ့သို့ဝင်ရောက်လာခဲ့ကာ တောမီးသည်ဒေသ၏တောင်တန်းဒေသများနှင့် ကျေးရွာများအနီးနားတွင် လောင်ကျွမ်းနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုပြင်းထန်သည့်အတွက် ဒေသခံမီးသတ်တပ်ဖွဲ့များက တောမီးငြိမ်းသတ်ရေး ရဟတ်ယာဉ်များကိုအသုံးပြု ငြိမ်းသတ်နေရကြောင်း၊ ထရီဘင်ဂျီဒေသ၏ တချို့နေရာများတွင် တောမီးကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း လေပြင်းများတိုက်ခတ်နေသဖြင့် မီးကြွင်းမီးကျန်းများမှ တစ်ဆင့် မီးပြန်လည်လောင်ကျွမ်းလာနိုင်သဖြင့် စောင့်ကြည့်နေကြရကြောင်း၊ လက်ရှိတွင် လူနေအိမ်များရှိရာ ဧုန်များတွင် တောမီးအန္တရာယ်မရှိသေးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားထားသည်။

တောမီးလောင်ကျွမ်းမှုသည် ရက်ကြာနေပြီဖြစ်ပြီး သစ်တောဧရိယာစတုရန်း ကီလိုမီတာ ၄၀ ကျော် မီးလောင်ကျွမ်းခဲ့ကာ သစ်တောဂေဟဗေဒဆိုင်ရာများကို သိသိသာသာ ပျက်စီးစေခဲ့သည့်အတွက် Trebinje၊ Bileca၊ Neve–sinje နှင့် Herceg Novi အိမ်နီးချင်းမြို့များမှ မီးသတ်တပ်ဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ဒေသခံမီးသတ်တပ်ဖွဲ့များနှင့်ပူးပေါင်းကာ ငြိမ်းသတ်ခဲ့သည့်အတွက် Bileca မြို့သို့ သွားရာလမ်းမကြီးအနီးရှိ တောမီးကို လုံးဝထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်တောမီးများကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ လက်ရှိအချိန်ထိ ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုမရှိသေးကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့မှူး မီလော့စ်ဗူကာ ရီဗစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အင်္ဂလန်နိုင်ငံမြောက်ပိုင်းတွင် မိုးခေါင်ရေရှားနေကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ပြောကြား

လန်ဒန် ဇူလိုင် ၁၃

အင်္ဂလန်နိုင်ငံ မြောက်ပိုင်းတွင် မိုးခေါင်ရေရှားနေကြောင်း အင်္ဂလန်နိုင်ငံ သဘာဝပတ်ဝန်းကျင်အေဂျင်စီက ဇူလိုင် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံမြောက်ပိုင်းဒေသများတွင် နေထိုင်သူများသည် မိုးခေါင်ရေရှားကာ ခြောက်သွေ့သောရာသီဥတုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မိုးခေါင်ရေရှားမှုကြောင့် မြစ်ချောင်းများတွင် ရေမျက်နှာပြင်များ ကျဆင်းကာ သောက်သုံးရေ အကျပ်အတည်းများလည်း ဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် မိုးရွာသွန်းမှုမရှိသည့်အတွက် စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာ၊ စိုက်ခင်းများ ခြောက်သွေ့ကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

Met Office ၏ကောက်ယူထားသော စစ်တမ်းများအရ ကမ္ဘာကြီး ပူနွေးလာသည်နှင့်အမျှ အင်္ဂလန်နိုင်ငံသည် အနာဂတ်တွင် ပိုမိုခြောက်သွေ့သော နွေရာသီကို တွေ့ကြုံရနိုင်ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် မိုးခေါင်ရေရှားမှုကြောင့် မြေဆီလွှာမှာရှိသည့် ရေဓာတ်နှင့် အဆီအနှစ်များ ခန်းခြောက်ကာ မြစ်များ၊ ရေလှောင်ကန်များ၏ ရေမျက်နှာပြင်ကျဆင်းလာကြောင်း၊ ထို့ပြင် မိုးခေါင်မှုကြောင့် နိုင်ငံအတွင်း အပူလှိုင်းဖြတ်မှုနှင့် တောမီးလောင်ကျွမ်းမှု အရေအတွက်များ ပိုမိုများပြားလာကြောင်း အင်္ဂလန်နိုင်ငံအခြေစိုက် Reading တက္ကသိုလ်မှ ရာသီဥတုသိပ္ပံပါမောက္ခ ရစ်ချက်အယ်လန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ပေါက်ပေါက်

အဆီကျဝိုက်ချပ်စေမည့် သံပရာသီး ရေနွေးစိမ်ရည်

မြန်မာနိုင်ငံ၏ ဒုဋ္ဌဝတီ မြစ်ရိုးတစ်လျှောက်တွင် သံပရာပင်များကို အများဆုံးစိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိသည်။ ရေမြေသဘာဝပေါ်မူတည်ပြီး သံပရာသီးများကို တစ်နှစ် နှစ်ကြိမ် ခူးဆွတ်နိုင်ပြီး ဧပြီနှင့် မေလတို့တွင် တစ်ကြိမ်၊ သြဂုတ်နှင့် စက်တင်ဘာလတို့တွင် ဒုတိယအကြိမ် ထပ်မံထွက်ရှိသည်။ သံပရာပင်၏ သဘောသဘာဝမှာ မိုးသီးနှံဖြစ်သည့် အားလျော်စွာ မိုးရာသီတွင် သံပရာသီးကို ပေါပေါများများ တွေ့ရသည်။ သို့သော် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ခေတ်မီလာသည့်အလျောက် ယခုအခါ မြန်မာနိုင်ငံ အနှံ့အပြားတွင် သံပရာသီးများကို တစ်နှစ်ပတ်လုံး ရရှိနိုင်ပြီဖြစ်သည်။

သံပရာသီးကို ဖျော်ရည်အဖြစ် အသောက်များကြပြီး သံပရာသီး အချဉ်ပေါင်းအဖြစ်လည်းကောင်း၊ သံပရာသီးသနပ်၊ သံပရာသီးယိုအဖြစ် စားသောက်ကြသကဲ့သို့ အသုပ်အမျိုးမျိုးနှင့် ဟင်းလျာအမျိုးမျိုးတွင်လည်း သံပရာသီးက မရှိမဖြစ်သီးနှံဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှုများပြားသော အသီးအနှံများအနက် သံပရာသီးမှာလည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ သံပရာသီးသည် သေးငယ်သော်လည်း ဆေးဖက်ဝင် အကျိုးကျေးဇူးက များပြားလှသည်။ သံပရာသီး၏ ကောင်းကျိုးများကို ဖော်ပြရပါလျှင် အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ ခန္ဓာကိုယ် တွင်းရောင်ရမ်းနာများကို သက်သာစေခြင်း၊အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြေလျှော့ပေးခြင်း၊ ခန္ဓာကိုယ် ခုခံနိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊ သွေးအဆိပ်အတောက်ပြေစေခြင်း၊ အရေပြားကျန်းမာရေးကို အထောက်အကူပြုခြင်း၊ အိုမင်းရင့်ရော်ခြင်းကို နှေးကွေးစေခြင်း၊ ခန္ဓာကိုယ်မှ အဆီများ လောင်ကျွမ်းစေရန် အထောက်အကူပေးခြင်း၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် လေဖြတ်ခြင်းကို ကာကွယ်ပေးခြင်း၊ ကာလဝမ်းရောဂါဖြစ်ပွားမှုကို ကုသနိုင်ခြင်း၊ ကင်ဆာရောဂါများကာကွယ်ရာတွင် အထောက်အပံ့ပြုခြင်းစသည့် ဆေးဖက်ဝင် အကျိုးကျေးဇူးများစွာကို သံပရာသီးတစ်လုံးမှ ရရှိနိုင်သည်။

အဆီကျဝိုက်ချပ်စေမည့် သံပရာသီးရေနွေးစိမ်ရည်

ကျန်းမာရေးရှုထောင့်အရ နံနက်စာစားပြီးတိုင်း အခွံစိမ်းစိမ်း လတ်လတ်ဆတ်ဆတ် သံပရာသီးတစ်လုံးကို လေးစိပ်စိပ်၍ ရေနွေးဖြူစိမ်သောက်ပေးသင့်သည်။ သံပရာသီးများ နွမ်းပျော့သွားသည်ထိ ရေနွေးဖြူ အသစ်ထပ်လောင်းထည့်၍ ရေဆာတဲ့အခါတိုင်း သောက်ပေးသင့်သည်။ ဖန်ခွက်၊ ကော်ခွက်၊ စတီးလ်ခွက်များမသုံးဘဲ ကျန်းမာရေးနှင့်ညီညွတ်သော ကြွေပန်းကန်လုံးကိုသာ သုံးစွဲသင့်သည်။ ထိုနည်းအတိုင်း တစ်နေ့လျှင် သံပရာသီးတစ်လုံးနှုန်းဖြင့် သံပရာသီးရေနွေးစိမ်ရည်ကို တစ်နှစ်ကြာ သောက်ပြီးနောက် ကျန်းမာရေးအကျိုးကျေးဇူးများစွာကို မလွဲမသွေရရှိနိုင်မည်ဖြစ်သည်။

အဆိပ်အတောက်များကို ပြေစေသည်

နံနက်အိပ်ရာ နိုးထလာသည့်အခါ ခန္ဓာကိုယ်မှ ဆဲလ်များကို သန့်စင်ရန်အတွက်လည်းကောင်း၊ ခြောက်သွေ့နေသည့် ဆဲလ်အဟောင်းများကို သစ်လွင်လန်းဆန်းစေရန်အတွက် လည်းကောင်း၊ ၎င်းဆဲလ်များ ကျန်းမာစေရန်အတွက် ခန္ဓာကိုယ်က ရေဓာတ်လိုအပ်နေသည်။ ထိုအချိန်တွင် သံပရာသီး ရေနွေးစိမ်ရည်သောက်သုံးပေးခြင်းဖြင့် အဆိပ်အတောက်များကိုပြေစေပြီး တစ်နေ့တာလုံး ပေါ့ပါးသွက်လက်စေမည်ဖြစ်သည်။

PH ပမာဏကို မျှတစေသည်

အယ်လ်ကာလီဆိုသည်မှာ အက်စစ်တို့ဓာတ်ပြုကာ ဓာတုဗေဒသဘောအရ ဆားဖြစ်လာသော အရာမျိုးဖြစ်သည်။ သံပရာသီးသည် သဘာဝမှ ရရှိသော အလွန်အံ့ဖွယ်ကောင်းသည့် အယ်လ်ကာလီဓာတ်များစုဝေးရာ အသီးတစ်မျိုးဖြစ်သည်။ သံပရာသီး၏ သဘောသဘာဝသည် အက်စစ်ဓာတ်များကို ပိုင်ဆိုင်ထားသော်လည်း၊ ၎င်းကိုစားသုံးပြီးနောက် ခန္ဓာကိုယ်ထဲသို့ ရောက်သွားသည့်အခါ လူသားတို့၏ ကျန်းမာရေးအတွက် ကောင်းကျိုးပြုစေသော အယ်လ်ကာလိုင်းအဖြစ် အကျိုးဖြစ်စေပါသည်။

အစာကြေညက်စေသည်

သံပရာသီးထဲတွင် သဘာဝဗီတာမင်နှင့် သတ္တုဓာတ်များ မြင့်မားစွာပါရှိနေပြီး အူသိမ်၊ အူမများကို အဆိပ်၊ ရောဂါပိုးမွှားညစ်ညမ်းခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိသည်။ သံပရာသီးကို ရေနွေးဖြင့်စိမ်သောက်လိုက်သောအခါ အစာအိမ်နှင့် အူလမ်း ကြောင်းစနစ်ကို လှုံ့ဆော်ပေးပြီး အစာကြေလမ်းကြောင်းအတွင်း အစာကို လှုပ်ရှားရွှေ့လျားစေသည့် အလိုအလျောက် ကြွက်သားလှုပ်ရှားမှုကို ကောင်းစွာ အထောက်အပံ့ဖြစ်စေသည်။

အရေပြားကို သန့်စေသည်

ဗီတာမင်စီ၏ သဘောသဘာဝသည် အရေပြားလျော့ရဲခြင်းနှင့် ဝက်ခြံများကို လျော့ပါးသက်သာစေပြီး သံပရာသီးနှင့်ရေနွေးပူတို့ ပေါင်းစပ်ဓာတ်ပြုလိုက်သည့်အခါ ခန္ဓာကိုယ်အတွင်းရှိ သွေးများကို အဆိပ်အတောက်ပြေစေရန် သန့်ရှင်းပေးလိုက်ခြင်းကြောင့် လူ့ခန္ဓာကိုယ်အရေပြားများ ကြည်လင်သန့်စင်လာပါသည်။

ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်

သံပရာသီးထဲရှိ စွမ်းအားပြည့်ဗီတာမင်စီဓာတ်သည် အအေးမိခြင်းကို တွန်းလှန်းပေးခြင်း၊ စွမ်းအားပြည့်ပိုတက်စီယမ်ဓာတ်သည် အာရုံကြောနှင့် ဦးနှောက်ဆောင်တာများကို နှိုးဆွပေးခြင်း၊ ပန်းနာရင်ကျပ်၊ အသက်ရှူလေပြွန်ဆိုင်ရာ ဝေဒနာများကို ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ် ကိုယ်ခံအားကောင်းစေရန်အတွက် မရှိမဖြစ်လိုအပ်သော သံဓာတ်ကို စုပ်ယူမှုအားကောင်းစေခြင်း စသည်ဖြင့် သံပရာသီးသည် ကောင်းကျိုးပြုသည်။ သံပရာသီးရေနွေးစိမ်ရည် သောက်ပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ အီလက်ထရိုလိုက် အစွမ်းပါရှိနေသောကြောင့် ခန္ဓာကိုယ်အတွက် သွယ်ဝိုက်သောနည်းဖြင့် ရေဓာတ်အဖြစ် ပံ့ပိုးပေးနိုင်သည်။ ကြွက်သားနှင့် အရိုးအဆစ်များ နာကျင်မှုကို သက်သာစေသည်။ အင်ဇိုင်းပမာဏများ တိုးပွားလာစေသည်။ သွေးတိုးရောဂါသည်များကို ကောင်းကျိုးပြုသည်။ ကင်ဆာရောဂါများမှ ကာကွယ်ပေးနိုင်သည်။ ကိုယ်အလေးချိန်ကို ထိန်းညှိပေးနိုင်သည်။

ကယ်လ်စီယမ်ဓာတ် အနည်အနှစ်များကို ပျော်ဝင်စေနိုင်သောကြောင့် ကျောက်ကပ်ကျောက်တည်ခြင်း၊ သည်းခြေကျောက်တည်ခြင်း စသည့် ရောဂါများကို ကာကွယ်ပေးနိုင်သည်။

ရင်ပူခြင်းကို သက်သာစေပြီး အရိုး၊ အဆစ် အမျက်များကို ဒုက္ခပေးသည့် ယူရစ်အက်စစ်ပမာဏများကို ကျဆင်းစေသည်။ ကိုယ်တွင်း၊ ကိုယ်ပရောင်ရမ်းနာများကို ကောင်းကျိုးပြုသည်။ အရေပြားပေါ်ရှိ အမာရွတ်များ၊ အမည်းကွက်စသည့် အပြစ်အနာဆာများကို သက်သာစေသည်။ အရိုးနုများ၊ အရိုး၊ တစ်ရှူးဆဲလ်များကို ကျန်းမာစေသည်။

❖ ကျန်းမာရေးရှုထောင့်အရ နံနက်စာစားပြီးတိုင်း အခွံစိမ်းစိမ်း လတ်လတ်ဆတ်ဆတ် သံပရာသီးတစ်လုံးကို လေးစိပ်စိပ်၍ ရေနွေးဖြူ စိမ်သောက်ပေးသင့်သည်။ သံပရာသီးများ နွမ်းပျော့သွားသည်ထိရေနွေးဖြူ အသစ်ထပ်လောင်းထည့်၍ ရေဆာသည့်အခါတိုင်း သောက်ပေးသင့်သည်။ ဖန်ခွက်၊ ကော်ခွက်၊ စတီးလ်ခွက်များမသုံးဘဲ ကျန်းမာရေးနှင့်ညီညွတ်သော ကြွေပန်းကန်လုံးကိုသာ သုံးစွဲသင့်သည်။ ထိုနည်းအတိုင်း တစ်နေ့လျှင် သံပရာသီးတစ်လုံးနှုန်းဖြင့် သံပရာသီးရေနွေးစိမ်ရည်ကို တစ်နှစ်ကြာ သောက်ပြီးနောက် ကျန်းမာရေး အကျိုးကျေးဇူးများစွာကို မလွဲမသွေရရှိနိုင်မည်ဖြစ်သည်။ ❖

မှန်ကန်သော ဆေးသောက်နည်း

အထက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို အပြည့်အဝရရှိစေရန်အတွက် ဆေးသောက်နည်းပုံစံမှန်ကန်ရမည်။ ဆေးသောက်ပုံနည်းလမ်းအဆင့်ဆင့်ကို ဖော်ပြပေးလိုက်ရပါသည်။

နံနက်စာ စားပြီးချိန်မှစ၍ သောက်ပါ။ လတ်ဆတ်သော အစိမ်းရောင်အခွံ သံပရာသီးတစ်လုံး အသုံးပြုပေးပါ။ အသီးထဲမှ အရည်ထွက်လာစေရန်နှင့် အခွံမှ အဆီထွက်လာစေရန်အတွက် ဦးစွာ သံပရာသီးကို စားပွဲသန့်သန့်၊ သို့မဟုတ် စဉ်းတီတုံးသန့်သန့်ပေါ်တင်၍ လက်ဖြင့် နှစ်ပတ်၊ သုံးပတ် အသာအယာလှိမ့်ပေးပါ။ ပြီးလျှင် သံပရာသီးကို လေးစိပ်စိပ်ပါ။

ရေနွေးဖြူ ပူပူထည့်ထားသည့် ကြွေပန်းကန်လုံးပြီးမှ သွားတိုက်ပေးသင့်သည်။

အချုပ်အားဖြင့်ဆိုသော် အထက်ပါနည်းအတိုင်း သံပရာသီး တစ်နေ့တစ်လုံး မှန်မှန်သုံးစွဲပေးခြင်းဖြင့် အချိန်ကာ သုံးလအတွင်း၌ပင် စာရေးသူ၏ ဝမ်းဗိုက်နှင့်ခါးမှ အဆီများကျသွားသည်ကို လက်တွေ့ခံစားရသည်။ သို့ဖြစ်ပါ၍ ကိုယ်ခံစွမ်း အားတိုးတက်မြင့်မားစေရန်အတွက် အယ်လ်ကာလိုင်းသတ္တိရှိသော သံပရာသီးကို နေ့စဉ်သုံး အစားအစာအဖြစ် စားသုံးသင့်သည်။

ထို့ကြောင့် မြန်မာပြည်သူ၊ ပြည်သားများ အနေဖြင့် သဘာဝ၏ အာဟာရတစ်မျိုးဖြစ်သည့် သံပရာသီးရေနွေးစိမ်ရည်ကို နေ့စဉ်သောက်သုံးခြင်းဖြင့် ကျန်းမာနိုင်စေကြောင်း အကြံပြုရေးသားလိုက်ရသည်။

ခင်ဦးမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၈ ဒသမ ၁၁ တင်းထွက်ရှိ

ခင်ဦး ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ၁၅၆၅၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၁ တင်း ထွက်ရှိခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ မိုးကြိုပဲတီစိမ်း ၁၅၆၅၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခင်ဦးမြို့နယ်မှာ မိုးကြို ပဲတီစိမ်း ၁၅၆၅၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးတို့ကို အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

မိုင်းယောင်းမြို့နယ် ဝမ်လျှဲန့်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ရန် တိုင်းတာခြင်းလုပ်ငန်းများ စစ်ဆေး

မိုင်းယောင်း ဇူလိုင် ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေပြင်အခြေအနေနှင့် ကိုက်ညီသော ခန့်မှန်းခြေစာရင်းများပြုစုနိုင်ရန်နှင့် လူထုအတွက်အမှန်တကယ် အကျိုးပြုသောလုပ်ငန်းများဖြစ်စေရန်ရည်ရွယ်၍ ဝမ်လျှဲန့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ရန် Feasibility Survey တိုင်းတာခြင်းလုပ်ငန်းများကို ဇူလိုင် ၁၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ဝမ်လျှဲန့်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကုန်ထုတ် တံတားများ တည်ဆောက်နိုင်ရေး မြေပြင်အခြေအနေများနှင့် Feasibility Survey (FS) တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်လျှဲန့်ကျေးရွာ၌ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့်ကုန်ထုတ်တံတား ဖောက်လုပ်ခြင်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် လျာထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဖောက်လုပ်၊ တည်ဆောက်ပြီးစီးပါက ဝမ်လျှဲန့်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းများမှ ထုတ်ကုန်၊ ထွက်ကုန်များ ကုန်ကျစရိတ် သက်သာစွာဖြင့် စျေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

INNWA BANK LIMITED

ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ဘဏ်အာမခံလုပ်ငန်း
- အပ်ငွေစာရင်းချိတ်ဆက်ခြင်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးဘောင်ဘာ (MONEY CHANGE COUNTER)(၁၃) ဌာနတို့တွင် လုပ်ကြိုးမင်း၏ ငွေကြေးဆိုင်ရာ ဂါဠနရင်များအား ၀ါလွယ်တူလျင်မြန်စွာ ထက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်	အင်းဝဘဏ်လီမိတက်(ရန်ကုန်)	အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၆၇ ၃၄၄ ၃၄၄	ဖုန်း-၀၁ ၂၅၆ ၂၅၄၊ ၀၁ ၃၇၄ ၇၅၅	ဖုန်း-၀၂ ၄၀၃ ၆၅၅ ၇၇၊ ၄ ၂၄ ၅၅ ၉၅၊ ၄၀ ၂၁ ၂၀၁၊ ၂ ၈၄ ၈၄ ၄၀

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊သာစည်မြို့နယ်၊ သဲပုံကျေးရွာမှ သာဂရ(အထက)အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်စိုရဲလင်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်စျာန်ရဲလင်းဖြစ်ပါကြောင်း။

မောင်စျာန်ရဲလင်း

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးညွှန့်ဆွေ၏သမီး မယမင်းကျော် ၏အမည်မှန်မှာ မရွှေဇင်ကျော် (၅/ကဘလ(နိုင်) ၃၀၃၄၀၈ ဖြစ်ပါကြောင်း။

မရွှေဇင်ကျော်

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကိစ္စကုဋ္ဌရပ်နေ မောင်ချင်ပိုတား (ဘ) ကျင်ပို(၉/မကန(နိုင်)၁၄၃၉၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၇၂၉၇၂

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက် ကိုစိုး။

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုခေါ်ကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုခေါ်ကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင် နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေးနှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

စင်ကာပူတာတိုဖလား ကန္နား/ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ ရွှေ ခုနစ်ခု၊ ကြေးတစ်ခု ထပ်မံရရှိ

ရန်ကုန် ဇူလိုင် ၁၃

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပလျက်ရှိသော စင်ကာပူတာတိုဖလား ကန္နား/ကယက်လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup)တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့သည် ယနေ့တွင် ရွှေခုနစ်ခု၊ ကြေးတစ်ခု ထပ်မံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Open ကန္နား နှစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကျော်ဇေယျနှင့် မျိုးလှိုင်ဝင်းတို့က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Open ကန္နား လေးယောက်လှော်မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဇေယျ၊ သန့်ဇင်ဦး၊ ထွဋ်ချောင်ဇော်နှင့် မျိုးလှိုင်ဝင်းတို့က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Open ကန္နား တစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းက ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U 15 + U 18 ကန္နားတစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် ထွဋ်ချောင်ဇော်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩရိသပြည်နယ်)ကမ်းခြေတို့၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူဦးစီးဌာနမှ သိရသည်။

မန်းရွှေမြို့ကို စိမ်းလန်းမြို့တော် ဖြစ်စေရန်

ဆောင်းပါး စာမျက်နှာ- ၁၀

အသက် ၁ရနှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်

စာမျက်နှာ- ၁၈

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာမျက်နှာ- ၂၂